မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၃)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ ကြာသပတေးနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကၠ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၠ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ အထင်ကရနေရာများသို့သွားရောက်လေ့လာ



၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ အထင်ကရနေရာများအားသွားရောက်လေ့လာကာ စုပေါင်းဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများအတုယူလေ့လာနိုင်စေရန် လေ့လာရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ်လ ၂၆ ရက် ညပိုင်းတွင် **စာမျက်နှာ ၁၁ ကော်လံ ၁ ❐**

ယနေ့ ဖတ်စရာ

လှည်းကူးမြို့နယ်ရှိ သံယာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက် စာ - ၁၁ သို့

မိုးနဲမြို့နယ်၌ မိုးစပါး လျာထားကေ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး စာ - ၉ သို့

ဆောင်းပါး

နိုင်ငံခြားငွေယိုစိမ့်မှုများ လျော့ချရေး ဝိုင်းဝန်းကူညီပေး စာ - ၁၃ သို့



အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၉ ရက်)

ပညာအလင်းရောင်နှင့်လမ်းကြောင်းမှန်

နိုင်ငံတိုင်းတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်လျက်ရှိကြသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအများဆုံးသောနိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုပိုမိုသည်ဟုဆိုနိုင်သည်။ မြန်မာနိုင်ငံသည်လည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟလါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေးကိုအားပေးဆောင်ရွက်လျက်ရှိသည်။ ပညာတတ်လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နိုင်ရေးပုံဖော်နေခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်နှင့် နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းများကြားဌ်ပင် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ကျောင်းသား၊ ကျောင်းသူများ၏ပညာသင်ကြားမှုအခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသဖြင့် သင်ကြားရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ကျောင်းနေသူများအားလုံး အတန်းပညာများ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်ဖြစ်သည်။

မန္တလေးပညာရေးဒီဂရီကောလိပ်တွင် နိုင်ငံအဝန်းနယ်ပေါင်းစုံမှလာရောက်သင်တန်းတက်ရောက်ကြခြင်းဖြစ်သဖြင့် မိမိတို့ဒေသအလိုက် ပညာရည်မြှင့်တင်ရေးမည်သို့ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်မည်ဆိုသည်ကို စဉ်းစားတွေးတော၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ လေးနှစ်တာကာလအတွင်း လေ့ကျင့်ရေးများကို စနစ်တကျလိုက်ပါဆောင်ရွက်ပြီး အဆိုပါလေ့ကျင့်ခန်းများကို မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည်အသုံးချရန်လိုသည်။ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခြင်းများ၊ စည်းကမ်းနှင့်အညီ နေထိုင်သွားလာခြင်းများကို မိမိတို့ပြန်လည်သင်ကြားပေးရမည့် ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆင့်သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၂၆ ရက်က မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားတွေ့ဆုံ၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ် **“ပညာဆိုသည်မှာ စာပေသင်ကြားခြင်းသာမက အသိပညာ၊ အတတ်ပညာများလည်းပါဝင်ကြောင်း၊ လေးနှစ်တာကာလအတွင်း စနစ်တကျသင်ယူသွားမည်ဆိုပါက မီးအလင်းရောင်နှင့်တူသည့်ပညာများကို ရရှိမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း ရရှိခဲ့သည့်အတွေ့အကြုံများ၊ ပညာများကို မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည်သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

တိုင်းရင်းသားဒေသများတွင် အတန်းပညာသင်ကြားရန်အတွက် ဘာသာစကားအခက်အခဲများရှိနိုင်သည်။ ပညာရေးဒီဂရီကောလိပ်တွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်သည့်နေရာဒေသများသို့ရောက်ရှိပါက ကျောင်းသား၊ ကျောင်းသူများအမှန်တကယ်စာတတ်မြောက်မှုရှိစေရေး၊ တန်းစဉ်ကူးပြောင်းမှုများမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သင်ကြားပေးရမည်ဖြစ်သည်။ တန်းစဉ်ကူးပြောင်းမှုများမြင့်မားခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များပေါကြွယ်ဝလာနိုင်မည်ဖြစ်သည်။ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ရာတွင်လည်း စာပေဖတ်မှတ်လေ့လာခြင်းများကို ဆက်လက်ဆောင်ရွက်နေကြရမည်ဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်ကိုလေ့လာခြင်းနှင့် ပတ်သက်၍လည်း အမြဲမပြတ်ဆောင်ရွက်နေကြရမည်ဖြစ်သည်။ မိမိတို့တစ်ဦးချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့်အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်ပေမည်။ ထို့ကြောင့် မိမိ၏မိသားစုနှင့်မိမိတို့တာဝန်ထမ်းဆောင်ရသည့်ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကိုဖော်ဆောင်ပေးနိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကိုခိုင်မာသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် စည်းကမ်းစနစ်ကျသည့်လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်လာစေရန်လိုအပ်ပေသည်။ ထိုသို့ဖြစ်လာစေရန် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကို ပညာရေးဖြင့် ပုံဖော်တည်ဆောက်ကြရမည်ဖြစ်၍ ပညာအလင်းရောင်နှင့် လမ်းကြောင်းမှန်သို့ရောက်ရှိရေး ဆရာ၊ ဆရာမများအားလုံးက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

မိုင်းရွား ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရွားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ်လ ၂၈ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဟိုက်ပါကျေးရွာအုပ်စု နမ့်ပါမုံးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းရွားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာမင်းက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ နမ့်ပါမုံးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း Type- 2 ရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် စီမံကိန်းနှင့်အကျုံးဝင်သည့်လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထိုနောက် မိုင်းရွားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးကြောင်းသိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

တပ်ကုန်းမြို့၌ စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သရက်ပင်ကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းမှုကော်မတီမှ မတည်ငွေဖြင့်တည်ဆောက်မည့် စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ်လ ၂၇ ရက်တွင် အဆိုပါကျေးရွာစာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂)ဒေါက်တာခင်မောင်ထွန်းက စာကြည့်တိုက်ပေါ်ထွန်းလာပါက အသက်အရွယ်နှင့် ဆင်းရဲချမ်းသာမရွေး စာပေအသိဉာဏ်ဗဟုသုတများကို အခမဲ့ရရှိမည်ဖြစ်ကြောင်း၊ ယခု မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းမှုကော်မတီမှ မတည်ငွေဖြင့် တည်ဆောက်မည့်ကျေးရွာစာကြည့်တိုက်ကို ပြည်သူများက အားကြိုးမာန်တက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်မည့်မြေနေရာအား အဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင့်တင့်ခိုင်နှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသွယ်တို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးသည်။

အဆိုပါကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းမှုကော်မတီမှ မတည်ငွေကျပ် သိန်း ၁၅၀ ဖြင့် အလျားပေ ၂၀၊ အနံပေ ၂၀ ရှိ တစ်ထပ်စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်ပြီးစီးပါက အိမ်ထောင်စု ၃၆၃ စု လူဦးရေ ၁၅၆၉ ဦးတို့ကို အသိဉာဏ်ပညာများ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၄၁၃)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၂၄(ကြာသပတေးနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၂၀ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇောတေး
၄။ ၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၇:၅၀ မြန်မာ့ရှုခင်း
၆။ ၈:၃၅ သုတရသစုံလင်ဗဟုသုတပုံပြင်
၇။ ၁၁:၁၅ ပြည်သူ့ကြားက ပြည်သူ့စကား
၈။ ၁၁:၃၅ ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး
၉။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၁၀။၁၇:၅၀ စာဆိုစစ်သည်ကလောင်ရှင်များ
၁၁။၁၈:၁၅ သီချင်းလက်ဆောင်
၁၂။၁၉:၀၀ (၃၈)ဖြာမင်္ဂလာ ပူဇောပူစနေယျာနံ၊ ပတိရူပဒေသဝါသောစ

မြဝတီ ခုနစ်ဉီ Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ဝဒ၁-၇၃၉၉၈၊ ဖက်စ် ဝဒ၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝဒ၁-၇၄၀၀၆၊ ဝဒ၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ဝဒ၁-၇၄၀၂၁၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊
ကြော်ငြာ ဝဒ၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ၈က ၂၆၀၀ စိုက်ပျိုးပြီးစီး



မြောင်းမြ ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ၈က ၂၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောပြချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ စားဖိုဆောင်သီးနှံ၈က ၂၆၀၀ ကို မေလပထမပတ်က စတင် စိုက်ပျိုးရာ လက်ရှိတွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများ အထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ခင်းများတွင် ဓာတ်မြေဩဇာကို အကျိုးရှိရှိသုံးစွဲနည်းများ၊ ဓာတုပိုးသတ်ဆေးများ လျော့ချသုံးစွဲနိုင်ရန် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းများကိုပါ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စားဖိုဆောင်သီးနှံ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ တောင်သူတွေနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ၈က ၂၆၀၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ၈ကအားလုံးစိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးပြီးဖြစ်တဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက စိုက်ခင်းတွေအထိ ကွင်းဆင်းပြီး တောင်သူတွေနဲ့တွေ့ဆုံပြီး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ တောင်သူတွေက ပန်းဂေါ်ဖီနဲ့ဆလတ်ရွက်ကို အများဆုံးစိုက်ပျိုးထားပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးထားတဲ့သီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ မျိုးစေ့တွေ အသုံးပြုတာမှန်ကန်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ၈က ၂၆၀၀ ကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများတွင် ပန်းဂေါ်ဖီ၊ ဆလတ်ရွက်၊ ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ခရမ်းသီး၊ သဘော်သီး၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်ဟင်းသီးဟင်းရွက်များကို အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

သုတကျော်

ပြည်တက္ကသိုလ်၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် Mpox (မျောက်ကျောက်)ရောဂါအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြော

ပြည် ဩဂုတ် ၂၈

ပြည်တက္ကသိုလ်နှင့် ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သော ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် Mpox (မျောက်ကျောက်) ရောဂါအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်များနှင့် သင်ကြား/စီမံအရာရှိများ၊ ပါမောက္ခဌာနမှူးများ၊ ဘာသာရပ်ပေါင်းစုံမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ်ဒုတိယပါမောက္ခချုပ်ဒေါက်တာသက်သက်ထွန်းက ပြည်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်ဖိုးဖြိုးတိုးတက်စေရေးအပါအဝင် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုသိရှိစေရန်ရည်ရွယ်၍ ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါက်တာသန္ဓာက ဝမ်းရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့်အစားအစာများကိုစားမိရာမှတစ်ဆင့် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကူးစက်မှုဖြစ်ပွားရခြင်းအကြောင်းရင်းအပါအဝင် ရောဂါဖြစ်ပွားလေ့ရှိသည့် ရာသီဥတုနှင့် အဖြစ်များလေ့ရှိသည့် အချိန်ကာလများအကြောင်း၊ ရောဂါလက္ခဏာများအကြောင်းနှင့် ရောဂါမဖြစ်ပွားအောင် လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များအကြောင်း၊ ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများနှင့်ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာန၌ အချိန်မီဆေးကုသမှုခံယူရမည့်အကြောင်းများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပြည်ခရိုင် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာချမ်းသာဇော်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့်အကြောင်းအပါအဝင် နိုင်ငံတစ်ဝန်း၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအကြောင်း၊ အာဖရိကဒေသမှ Mpox(မျောက်ကျောက်)ရောဂါစတင်ဖြစ်ပွားခဲ့မှုအကြောင်းနှင့် ကမ္ဘာ့နိုင်ငံတချို့၌ Mpox (မျောက်ကျောက်)ရောဂါဖြစ်ပွားမှုအခြေအနေများအကြောင်း၊ အဆိုပါရောဂါကူးစက်ပုံနှင့် ကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများအကြောင်း၊ ရောဂါပျိုးရက်၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရုံးပိတ်ရက်များတွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်ဦးရေ ၁၀၀ ကျော်ဝင်ရောက်လေ့လာ

ညောင်ဦး ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ဩဂုတ်လရုံးပိတ်ရက်များတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ဦးရေ ၁၀၀ ကျော် ဝင်ရောက်လေ့လာကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

အဆိုပါပြတိုက်အား နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားပြီး ဩဂုတ်လတွင် နေ့စဉ်လူဦးရေ ၂၀ မှ ၈၀ ကြား ဝင်ရောက်မှုရှိကာ စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် လူဦးရေ ၁၀၀ ကျော် အထိ ဝင်ရောက်မှုရှိကြောင်း သိရသည်။

"ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်က စပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၈ ရက်မှာ ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်တွေလည်း ဝင်ရောက်လေ့လာကြပြီး ဒီလထဲကြားရက်တွေမှာလည်း တစ်ရက်ကို လူဦးရေ ၂၀ ကနေ ၈၀ အထိ လာရောက်လည်ပတ်ကြပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် ပြတိုက်ဝင်ကြေးအနေဖြင့် ပြည်တွင်းခရီးသွားဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှင့် ပြည်ပခရီးသွားဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းသတ်မှတ်ထားပြီး ပြည်တွင်းခရီးသွား ၁၂ နှစ်အောက် ကလေးငယ်များ၊ ကျောင်းထောက်ခံစာပါရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ရဟန်းသံဃာများကို ဝင်ကြေးကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဦးရေ ၉၀၀၀၀ ကျော် ဝင်ရောက်မှုရှိပြီး ဝင်ကြေး ငွေကျပ် ၇၁၉ သိန်းကျော် ရရှိကြောင်း၊ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ လေးလတာကာလအတွင်း ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဦးရေ ၁၆၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ဝင်ကြေး ငွေကျပ် သိန်း ၁၇၀ ကျော်ရရှိထားကြောင်း သိရသည်။

ပုဂံရှေးဟောင်း သုတေသနပြတိုက်သည် ပုဂံမြို့ဟောင်းအတွင်း အနောက်တောင်ဘက်၌တည်ရှိပြီး တောင်ဘက်ရှေးဟောင်းမြို့ရိုးနှင့် ကပ်လျက်တွင် တည်ရှိကြောင်းနှင့် ယင်းပြတိုက်တွင် ကျောက်စာရုစ်မြွှောင့်သဏ္ဌာန်ပြတိုက်၊ ကျောက်ဆစ်လက်ရာများနှင့် တခြားကြီးမားသော ပစ္စည်းများပြသရန် ကျောက်စာရုံသုံးခု ပါဝင်ကြောင်း သိရသည်။ **ခန့်ခန့်**



မြစ်ကိုအလျားစုန်ကူးခဲ့သည့်

ကျွန်းစဉ်မြေစောခက်

''ကျွန်တော်ကတော့ ကစားကွင်းသို့လည်းမသွား၊ ညောင်ပင်ကြီးအောက်သို့လည်းမရောက်၊ မုန့်ဈေးတန်းသို့လည်းမဝင်၊ နံနက်ပိုင်းကျောင်းသို့အလာတွင် ဈေးလမ်းဘေးမှာရှိသော ကစ္စမတ်တာလီစာအုပ်ဆိုင် (နောင်ရောင်နီဦးစာအုပ်ဆိုင်)က တစ်လတွင် နှစ်ကြိမ်ထွက်သော ချို့တေးသံမဂ္ဂဇင်းအသစ်တစ်အုပ်ဝယ်လာခဲ့၍ ဖွင့်ဖတ်နေမိသည်။ စာအုပ်အတွင်း စာမျက်နှာတစ်နေရာအရောက်တွင် ကျွန်တော့်ရင်ဘတ်ကြီးတစ်ခုလုံး ဖြုန်းခနဲထခုန်သွားသလိုခံစားသွားရပြီး ပါးစပ်ကလည်း အသံထွက်မှန်းမသိ ထွက်သွားတော့သည် . . .''

ယမန်နေ့မှအဆက်

ကျွန်တော် ကျောက်ဖြူမြို့သို့ ပညာသင်ရောက်ခဲ့မှ သက္ကရာဇ်ကို တွက်စစ်ကြည့်လျှင်-

၁။ ၁၉၆၀-၆၁ ပညာသင်နှစ် ပဉ္စမတန်း အ.လ.က(၁)(ပိုက်ဆိပ်ကျောင်း) ကျောက်ဖြူမြို့

၂။ ၁၉၆၁-၆၂ ပညာသင်နှစ် ဆဋ္ဌမတန်း အ.လ.က(၁)(ပိုက်ဆိပ်ကျောင်း) ကျောက်ဖြူမြို့

၃။ ၁၉၆၂-၆၃ ပညာသင်နှစ် သတ္တမတန်း အ.လ.က(၁)(ပိုက်ဆိပ်ကျောင်း) ကျောက်ဖြူမြို့

၄။ ၁၉၆၃-၆၄ ပညာသင်နှစ် အဋ္ဌမတန်း(ပထမနှစ်) အ.ထ.က(တန်းမြင့်ကျောင်း)ကျောက်ဖြူမြို့

၅။ ၁၉၆၄-၆၅ ပညာသင်နှစ် အဋ္ဌမတန်း(ဒုတိယနှစ်) အ.ထ.က(တန်းမြင့်ကျောင်း) ကျောက်ဖြူမြို့

၆။ ၁၉၆၅-၆၆ ပညာသင်နှစ် နဝမတန်း(ပထမနှစ်) အ.ထ.က(တန်းမြင့်ကျောင်း) ကျောက်ဖြူမြို့

၇။ ၁၉၆၆-၆၇ ပညာသင်နှစ် နဝမတန်း(ဒုတိယနှစ်) အ.ထ.က(တန်းမြင့်ကျောင်း) ကျောက်ဖြူမြို့

ပညာသင်နှစ်အလိုက် နှစ်အရေအတွက်ကို ဖော်ပြထားခြင်းဖြစ်ပေသည်။ နဝမတန်း ဒုတိယနှစ်အတွက် ကျွန်တော် ကျောက်ဖြူမြို့သို့ ခုနစ်နှစ်မြောက်ရောက်သွားတော့ အဘွားကျန်းမာရေးက ယခင်နှစ်တွေလို မကောင်းတော့ပေ။ ဆေးရွက်ကြီးအရောင်းအဝယ်ကိစ္စမှာလည်း ငွေပေးငွေယူကအစ ကျွန်တော့်ကို ပေးလွှတ်တာကများသည်။

၁၉၆၆-၆၇ ပညာသင်နှစ်မှာတော့ ကျွန်တော်တို့ နဝမတန်း(ဂ) အတန်းပိုင်ဆရာမမှာ ဒေါ်စောရည်ပင် ဖြစ်သည်။ ဒေါ်စောရည်မှာ မြန်မာစာပြဆရာမဖြစ်သည်။ ကျွန်တော် မြန်မာစာကို အလေးအနက်ထားသူဖြစ်၍ အတန်းပိုင်ဆရာမ၏ အရေးပေးခြင်းကိုခံရသည်ဟုဆိုရပေမည်။ ကျွန်တော့်မှာ နှစ်ကျကျောင်းသားဖြစ်ပြီး တည်တည်ငြိမ်ငြိမ်၊ အေးအေးဆေးဆေး နေလေ့ရှိသဖြင့် အတန်းပိုင်ဆရာမသည် ကျွန်တော့်ကို အတန်းခေါင်းဆောင်အဖြစ် တာဝန်ပေးထားသည်။

"ကလင် ကလင် ကလင် ကလင် ကလင်"

နေ့လယ်ကျောင်းဆင်းခေါင်းလောင်း ထိုးလိုက်ပေပြီ။ ကျောင်းဝင်းအနှံ့ ကျောင်းသား၊ ကျောင်းသူများ ပြည့်သွားပေပြီ။ ဘောလုံးကန်ဝါသနာပါသော ကျောင်းသားများ ကျောင်းနောက်ဘက် ဘောလုံးကွင်းသို့ရောက်သွားကြသည်။ ဘာရယ်လို့မဟုတ်၊ ပုဆိုးကိုတိုတိုပြင်ဝတ်ပြီးကန်သည်။ တချို့က ပုဆိုးကို ချွတ်ပြီး ဘောင်းဘီတိုနှင့်ကန်သည်။ ဂိုးသွင်းကစားတာမျိုးမဟုတ်ဘဲ ဘောလုံးလုကန်ပြီး ဆော့ကစားနေကြခြင်းပင်။ မုန့်ဈေးတန်းတွင်လည်း ကျောင်းသား၊ ကျောင်းသူများအပြည့်၊ တချို့မှာ ကျောင်းတောင်ဘက် ညောင်ပင်ကြီးအောက်တွင် စုပြုံထိုင်ကြရင်း ကိုယ့်အစုအဖွဲ့နှင့်ကိုယ် ရယ်ရယ်မောမောပြောနေကြသူများလည်းရှိကြသည်။

ကျွန်တော်ကတော့ ကစားကွင်းသို့လည်းမသွား၊ ညောင်ပင်ကြီးအောက်သို့လည်းမရောက်၊ မုန့်ဈေးတန်းသို့လည်းမဝင်၊ နံနက်ပိုင်းကျောင်းသို့အလာတွင် ဈေးလမ်းဘေးမှာရှိသော ကစ္စမတ်တာလီစာအုပ်ဆိုင် (နောင် ရောင်နီဦးစာအုပ်ဆိုင်)က တစ်လတွင် နှစ်ကြိမ်ထွက်သော ချို့တေးသံမဂ္ဂဇင်းအသစ်တစ်အုပ် ဝယ်လာခဲ့၍ ဖွင့်ဖတ်နေမိသည်။ စာအုပ်အတွင်း စာမျက်နှာတစ်နေရာအရောက်တွင် ကျွန်တော့် ရင်ဘတ်ကြီးတစ်ခုလုံး ဖြုန်းခနဲထခုန်သွားသလို ခံစားသွားရပြီး ပါးစပ်ကလည်း အသံထွက်မှန်းမသိ ထွက်သွားတော့သည်။

''ဟေ့ ဒီမှာ ငါ့ကဗျာ ပါလာပြီ၊ ငါ့ကဗျာ ပါလာပြီ''

''ဟေ့ကောင် ချမ်းအောင် ဖတ်ကြည့်စမ်းပါဦးကွာ၊ ရွှေမြ၊ ထွန်းဝင်း၊ ဟေ့ကောင်တွေ မင်းတို့လည်း ဖတ်ကြည့်စမ်းပါဦးကွာ၊ ဧည့်ခံကဗျာခန်းမှာ ပါတာကွ''

ကျွန်တော်သည် မုန့်စားဆင်းချိန်တွင် အခန်းပြင်ဘက်သို့ထွက်ပြီးပြန်ဝင်လာကြသော အတန်းဖော်တွေကို အော်ခေါ် ကာ ပြောလိုက်သည်။ ကျွန်တော်သည် မဂ္ဂဇင်းကိုကိုင်ပြီး ဟိုလူ့လိုက်ပြ ဒီလူ့လိုက်ပြနှင့် အလုပ်များနေတော့သည်။ ထိုစဉ်ပဲ ကျောင်းခေါ်ချိန်ခေါင်းလောင်းထိုးပြီးလို့ ဆရာမစာသင်ခန်းထဲသို့ ဝင်လာရာ အကုန်လုံးမတ်တတ်ရပ်ပြီး ဆရာမကို နှုတ်ဆက်လိုက်ကြသည်။

''မင်္ဂလာပါ ဆရာမ''

''မင်္ဂလာပါ တပည့်တို့''

ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ မင်္ဂလာစကား ခွန်းတုံ့ပြန်နှုတ်ဆက်ကြပြီး ထိုင်လိုက်ကြသည်။ ကျွန်တော်တစ်ယောက်သာ မဂ္ဂဇင်းစာအုပ်ကိုကိုင်လျက် ကိုယ့်ခုံတန်းသို့မရောက်ဘဲ လမ်းခုလတ်မှာ မတ်တတ်ရပ်လျက်။

''မော်နီတာကြီး ဘာဖြစ်နေတာတုံး''

''အဟဲ ဟုတ်ကဲ့ပါ ဆရာမ၊ ကျွန်တော့်ကဗျာ မဂ္ဂဇင်းထဲပါလာလို့ သူငယ်ချင်းတွေ လိုက်ပြနေတာပါ''

"ပေး ... ပေးကြည့်ရအောင်"

ကျွန်တော် ချို့တေးသံမဂ္ဂဇင်းကို ဆရာမဆီသွားပေးပြီး စာသင်ခန်းဘက်သို့ မျက်နှာပေးလျက် ဆရာမဘေးက မတ်တတ်ရပ်နေလိုက်၏။

"ကဗျာခေါင်းစီးက "တို့ရွာနံဘေးချောင်းကလေး" တဲ့"

"ဟုတ်ကဲ့ပါ ဆရာမ"

အတန်းသူ၊ အတန်းသား အခန်းဖော်များ ကျွန်တော့်ကို ပြုံးစိစိလှမ်းကြည့်နေကြ၏။ ကျွန်တော့်မှာ ရှက်ရွက်နှင့် ဂုဏ်ယူနေမိသည်။

တို့ရွာနံဘေး ချောင်းကလေး

တို့ရွာနံဘေး၊ ချောင်းကလေးကား
ဟိုသွားသည်လာ၊ သွယ်ကာပို့ဆက်
မြစ်လက်တက်လေး ဖြစ်ပါသည်။
တို့ရွာနံဘေး၊ ချောင်းကလေး၏
ကမ်းဘေးတစ်ခို၊ ရွှံ့စိုစိုတွင်
ရွက်ညိုစိမ်းလန်း၊ ဓနိတန်းသည်
သိပ်ပြွမ်းတည်ရှိ နေပါသည်။
တို့ရွာနံဘေး၊ ချောင်းကလေးမှာ
နာဝါကိုစီး၊ ပိုက်ကွန်ကြီးဖြင့်
ရှာမှီးလုပ်စား၊ ရေလုပ်သားလည်း
ဝမ်းခါးလှကြပါပေသည်။
ထိုရွာနံဘေး၊ ချောင်းကလေး၏
ကျသည့်အချိန်ခါ၊ တစ်နှစ်တာတိုင်း
ရေလွှာလွှမ်းမိုး၊ နုန်းမြေတိုး၍
ကမ်းရိုးတစ်လွှား၊ စပါးသီးနှံထွန်းပေသည်။
တို့ရွာနံဘေး၊ ချောင်းကလေးကား
အေးမြမေတ္တာ၊ ကရုဏာဖြင့်
ညင်သာစီးဆင်းနေလျက်ပါ။ ။

ကျောက်ဖြူ မောင်ညွှန့်လွင်

ကဗျာရွတ်နေသော ဆရာမဒေါ်စောရည်၏ အသံမှာ ကြည်လင်ပြတ်သားလှသည်။ ကျောင်းသား၊ ကျောင်းသူများ အကုန်လုံးစိတ်ဝင်တစားနားထောင်နေကြ၏။

"ကဗျာလေးကတော့ ကဗျာကောင်းပဲ၊ ကိုယ့်ရဲ့ ရွာလေးနားက စီးဆင်းနေတဲ့ ချောင်းကလေး အကြောင်းကို ရေးစပ်ထားတာပဲ ကောင်းပါတယ်"

ဆရာမဒေါ်စောရည်စကားကြောင့် ကျေနပ်မှုနှင့် အတူ ကျွန်တော့်မျက်နှာပြင် ပြုံးဖြီးဖြီးကြီး ဖြစ်သွား၏။

''ဒီလို ကိုယ့်ဘဝ၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မြို့ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတွေအကြောင်း ကဗျာတွေရေး၊ ဝတ္ထုတွေရေးတဲ့လူကို စာရေးဆရာလို့ခေါ်တယ်။ စာပေရေးသားခြင်းအလုပ်ဆိုတာ မြင့်မြတ်တယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံလွတ်လပ်ရေးရရင် စာပဲရေးမယ်ဆိုတာ ပြောခဲ့တယ်လေ''

ဆက်လက်ဖော်ပြပါမည်။

ကျောက်ဆည်မြို့နယ်အတွင်း စိမ်းလန်းစိုပြည်စေရေး ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် စိုက်ပျိုးထား



ကျောက်ဆည် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကျောက်ဆည်မြို့နယ်အတွင်း စိမ်းလန်းစိုပြည်စေရေး ပျိုးပင်များ ပျိုးထောင်ထားပြီး ကျေးရွာသုံးစိုက်ခင်း၊ တခြားစိုက်ခင်းနှင့် တောင်တန်းစိုက်ခင်းများအတွက် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ကျေးရွာသုံးထင်းစိုက်ခင်းအဖြစ် မင်းမွေးတောင်ခြေမှ မြေ ၂၅ ဧကတွင် ယူကလစ်ပင် ၄၀၅၀၀၊ မဲဇလီပင် ၂၇၅၀၊ သဘော်ကုက္ကိုပင် ၆၇၀၀၊ တခြားစိုက်ခင်းအဖြစ် ရဒါန်းချောင်းဆုံကြိုးဝိုင်းအကွက်အမှတ်(၇)တွင် မဲဇလီပင် ၅၅၉၀၊ ဒဟတ်ပင် ၃၀၀၀၊ ဖျောက်ဆိပ်ဧ၀၈၈ ပင်၊ သဘော်ကုက္ကိုပင် ၁၂၅၇၂ ပင်၊ တောင်တန်းစိုက်ခင်းအဖြစ် ရဒါန်းချောင်းဆုံကြိုးဝိုင်းအကွက်အမှတ်(၇)တွင် တမာပင် ၂၀၂၀၊ ဖျောက်ဆိပ်ပင် ၂၀၄၀၊ သဘော်ကုက္ကိုပင် ၄၀၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကျေးရွာသုံးစိုက်ခင်း၊ တခြားစိုက်ခင်းနှင့် တောင်တန်းစိုက်ခင်း များစိုက်ပျိုးရာတွင် ပျိုးပင်လိုအပ်မှုမရှိစေရေး၊ ပျိုးပင်များကောင်းစွာရှင်သန်စေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချမ်းမြေ

ဘားအံမြို့နယ် ပါရာကျေးရွာ၌ တွင်းဆေး တွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဘားအံ ဩဂုတ် ၂၈

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘားအံခရိုင် ဘားအံမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ပါရာကျေးရွာ၌ ကျေးရွာနေပြည်သူများ ကျန်းမာရေးနှင့်အညီ သန့်ရှင်းသော သောက်သုံးရေများသုံးစွဲနိုင်စေရန် ရည်ရွယ်၍ တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက်နေမှုကို ဩဂုတ်လ ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က ရေကြီးနစ်မြုပ်ခဲ့သည့် လက်တူးတွင်းများနှင့် စက်ရေတွင်းများကို တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်များ၊ ပြန်လည်အသုံးပြုနိုင်မည့် အချိန်နှင့်ပတ်သက်၍ ကျေးရွာသူ၊ ကျေးရွာသားများအား ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပါရာကျေးရွာ၌ ရေကြီးနစ်မြုပ်ခဲ့သည့် လက်တူးတွင်းသုံးတွင်းနှင့် ကျန်ရေတွင်း ၁၄၃ တွင်းကို တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုသက်

မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့် ချေးငွေများထုတ်ချေး

မြိတ် သြဂုတ် ၂၈


တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောက်ဖျာကျေးရွာ၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့် ပထမအကြိမ်ချေးငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို သြဂုတ်လ ၂၈ ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ကျောက်ဖျာကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပထမအကြိမ်ချေးငွေများထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ရန်ပုံငွေလွှဲပြောင်းပေးအပ်မှု သဘောတူစာချုပ်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျောက်ဖျာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ငွေကျပ် ၂၉ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ကျောက်ဖျာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးအတွက် ငွေကျပ် ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးအတွက် ငွေကျပ် ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးအတွက် ငွေကျပ် ၁၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦးအတွက် ငွေကျပ် ၂၉ ဒသမ ၄ သန်းကို တစ်ဦးချင်းလက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)



သဲကုန်းမြို့နယ်၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်း (3Rs) စနစ် ထိရောက်အောင်မြင်စွာဖော်ဆောင်နိုင်ရေး အသိပညာပေး

သဲကုန်း သြဂုတ် ၂၈



ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ သန့်ရှင်းသောမြို့ဖြစ်လာစေရေးနှင့် ပလတ်စတစ်သုံးစွဲမှုကင်းစင်လျော့နည်းစေရေး စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုလုပ်ငန်း(3Rs)စနစ် ထိရောက်အောင်မြင်စွာဖော်ဆောင်နိုင်ရေး အသိပညာပေးဟောပြောပွဲကို သြဂုတ်လ ၂၈ ရက်တွင် သဲကုန်းမြို့မဈေးတာဝန်ခံရုံး၌ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်မာလာသိန်းက စွန့်ပစ်ပစ္စည်းများအကြောင်း၊ စွန့်ပစ်ပစ္စည်းအမျိုးအစားများအကြောင်း၊ ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းများအကြောင်း၊ စနစ်တကျ မစွန့်ပစ်ခြင်း၏ဆိုးကျိုးများအကြောင်း၊ အမှိုက်စိုနှင့် အမှိုက်ခြောက်ခွဲခြား၍စွန့်ပစ်နည်းများ၊ Reduce(လျှော့ချခြင်း)၊ Reuse (ပြန်လည်အသုံးပြုခြင်း)၊ Recycle (ပြန်လည်တီထွင်သုံးစွဲခြင်း) ဆောင်ရွက်ရန် နည်းလမ်းများ၊ အမှိုက်အမျိုးအစားများနှင့် ပျက်စီးရန်ကြာမြင့်ချိန်အကြောင်း၊ ပလတ်စတစ်ပြဿနာ၊ ပလတ်စတစ်သုံးစွဲမှုအခြေအနေများ၊ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချခြင်း အကျိုးကျေးဇူးများ၊ ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ရန် ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို အကျယ်တဝင့်အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှထုတ်ဝေသော အသိပညာပေးသတင်းစကား လက်ကမ်းစာစောင်များကို မြို့မဈေးအတွင်းရှိ ဈေးသူ၊ ဈေးသားများ လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(ပြန်/ဆက်)

သရက်မြို့နယ် မုဆိုးရင်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သရက် သြဂုတ် ၂၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ရေဖြူကျေးရွာအုပ်စု မုဆိုးရင်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သြဂုတ်လ ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မုဆိုးရင်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

သရက်မြို့နယ် မုဆိုးရင်ခေတ်မီစံပြကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၁၆၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် သြဂုတ်လ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

ကျောင်းကုန်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဧရိတ် ၂၀၃ ဧက စိုက်ပျိုးပြီးစီး

ကျောင်းကုန်း သြဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဧရိတ် ၂၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောပြချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျောင်းကုန်းမြို့နယ်၌ ဧရိတ် ၂၀၃ ဧက ကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဧရိတ်များ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီမှာ ဧရိတ် ၂၀၃ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ဧရိတ်အများစုကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ ဧရိတ်အပါအဝင် မိုးသီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ဦးဆန်းဝင်းကပြောသည်။

ကျောင်းကုန်းမြို့နယ်၌ ဒေသခံတောင်သူများသည် ဧရိတ်ကိုအများဆုံးစိုက်ပျိုးကြောင်း၊ အဆိုပါဒေသမှ တောင်သူများ စိုက်ပျိုးထားသည့် ဧရိတ်များ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတကျော်

မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း



နေပြည်တော် သြဂုတ် ၂၈

မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဦးစီးဌာန တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ဝါသီးနှံစိုက်ပျိုးမှုမြှင့်တင်နိုင်ရေးအတွက် တောင်သူလယ်သမားများနှင့်ပတ်သက်သည့် လူမှုစီးပွားရေးနှင့် သီးနှံဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ သုတေသနပြုခြင်းလုပ်ငန်းများကို လူငယ်စိုက်ပျိုးရေးပညာရှင်များအပါအဝင် သက်ဆိုင်ရာဌာနများ စုပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

အလားတူ ဆီထွက်သီးနှံ မြေပဲ၊ နှမ်းနှင့် တောင်သူအကြိုက် အခြားဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေဘဲ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုတွင် ဆီထွက်ရှိမှုပမာဏအများဆုံးသီးနှံဖြစ်သည့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို စနစ်တကျစီမံဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ဆီထွက်ပဲပုပ်သီးနှံကိုလည်း စမ်းသပ်စိုက်ပျိုးကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ အောင်မေတ္တာရပ်ကွက်ရှိ ရွှေပြည်သာဆီစက်၏ ဆီကြမ်းနှင့် စားသုံးဆီသန့်ထုတ်လုပ်နေမှု၊ ပဲပုပ်ဆီထုတ်လုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေများကို မေးမြန်းဆွေးနွေးကာ ဆီစက်၏ ကြိတ်ခွဲထုတ်လုပ်နိုင်မှုစွမ်းအား မြှင့်တင်နိုင်ရေးအတွက် အခြားဆီထွက်သီးနှံများကြိတ်ခွဲထုတ်လုပ်နိုင်ရေး အားပေးပြောကြားသည်။

အလားတူ မကွေးမြို့ သစ်ပွဲကြိုရုပ်ကွက်ရှိ ပုဂ္ဂလိကတမာပိုးသတ်ဆေးစက်ရုံကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

Naypyitaw State Academy တွင် ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် သြဂုတ် ၂၈



Naypyitaw State Academy တွင် ကျောင်းသား၊ ကျောင်းသူများ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အား သိရှိနားလည်စေရန် ရည်ရွယ်၍ ဆေးလိပ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ညနေ ၃ နာရီတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် Naypyitaw State Academy မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဇော်ဝင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၏ ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း၊ ဇီဝကမ္မဗေဒဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါက်တာမင်းအောင်ဇော်မြင့်က မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း ဟောပြောခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို ဉာဏ်စမ်းမေးခွန်းများမေး၍ ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မျိုးစေ့နည်းပညာများသိရှိလိုက်နာ ဆောင်ရွက်ရေးဆွေးနွေးမှာကြား



နေပြည်တော် သြဂုတ် ၂၈

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေး၏ အခြေခံအုတ်မြစ်ကြီးဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်း (၄)ရပ်အနက် အရေးကြီးသော မျိုးစေ့နည်းပညာရပ်များ ပြန့်ပွားနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရန် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ တောင်သူလယ်သမားများအား မျိုးစေ့များအလွယ်တကူရရှိနိုင်ရန် ချိတ်ဆက်ပေးနိုင်ရေး၊ မျိုးစေ့များထုတ်လုပ်ရောင်းချမည်ဆိုပါက လုပ်ငန်းလိုင်စင်လုပ်ရမည်ဖြစ်ပြီး ချမှတ်ထားသောစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

မျိုးစေ့နည်းပညာပေး သင်တန်းကို စိုက်ပျိုးရေး တိုးချဲ့ပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း(ရေဆင်း)တွင် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ သြဂုတ်လ ၂၆ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သင်တန်းသား၊ သင်တန်းသူများကိုတွေ့ဆုံ၍ မျိုးစေ့တာဝန်ခံပညာရှင်ဝန်ထမ်းများသည် စပါးသီးနှံမျိုးစေ့သာမက ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့များ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိရေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မျိုးစေ့ထုတ်လုပ်ငန်းရှင်များအနေဖြင့် မျိုးမသန့်သည်များကို တောင်သူများထံ ရောနှောမရောင်းချရန်၊ မမှန်ကန်သောမျိုးများ မဖြန့်ဖြူးရန်နှင့် စစ်ဆေးတွေ့ရှိပါက မျိုးစေ့ဥပဒေဖြင့် ထိရောက်စွာအရေးယူသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သြဂုတ်လ ၂၆ ရက်မှ ၂၉ ရက်ထိပို့ချသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ် မျိုးစေ့တာဝန်ခံဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ (၅၀၀)

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် သြဂုတ် ၂၈

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၂ ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၂ ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၁ ပေကျော် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။(မိုး/၈လ)

၂၈-၈-၂၀၂၄

ထူးခြားသည့်နေ့အပူချိန်များ

မုံရွာ	၃၇	ဒသမ	သုည	ဒီဂရီဆဲလ်စီးယက်
တံတားဦး	၃၆	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
ဆင်ဖြူကျွန်း	၃၆	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်
ညောင်ဦး	၃၆	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
ချောက်	၃၅	ဒသမ	၉	ဒီဂရီဆဲလ်စီးယက်
စစ်ကိုင်း	၃၅	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
မြင်းမူ	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ပခုက္ကူ	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
မကွေး	၃၅	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
ရွှေဘို	၃၅	ဒသမ	သုည	ဒီဂရီဆဲလ်စီးယက်

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးတွေ့ဆုံဆွေးနွေး

ထန်းတပင် ဩဂုတ် ၂၈

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းမြို့နယ်သန်းခေါင်စာရင်းကော်မတီနှင့် စာရင်းစစ်/စာရင်းကောက်တာဝန်ပေးအပ်ရန် လျာထားသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်စေတနာဝန်ထမ်းများတွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အခြေခံပညာအထက်တန်းကျောင်းလှိုင်ရတနာခန်းမ၌ ကျင်းပသည်။



ရေးဦးစွာမြို့နယ်ပညာရေးမှူးဒေါ်ကြည်ကြည်မြင့်က ပေးအပ်သည့်တာဝန်ကျပွန်စွာထမ်းဆောင်နိုင်ရေးနှင့် သတ်မှတ်အချိန်အတိုင်း လိုက်နာဆောင်ရွက်ရေး မှာကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးစီးမှူး ဦးခင်ဆွေကသန်းခေါင်စာရင်းဆိုင်ရာအကြောင်းအရာများကို Power Point ဖြင့် ရှင်းလင်းတင်ပြကာ မြို့နယ်အဆင့်စာရင်းစစ်/စာရင်းကောက်သင်တန်းဖွင့်လှစ်မည့်အခြေအနေ ပျက်ကွက်နောက်ကျမှု မရှိစေရေးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကောက်ကွက်အလိုက် တာဝန်ပေးအပ်ရန်လျာထားမှု အခြေအနေများ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် စာရင်းစစ်/စာရင်းကောက်တာဝန်ပေးအပ်ရန် လျာထားသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်စေတနာဝန်ထမ်းများက မိမိသိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်းသိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

ရာသီအလိုက်ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချ

နတ်မောက် ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ရာသီအလိုက်ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

"ကျွန်မတို့ရဲ့စိုက်ခင်းထဲမှာ စိုက်ပျိုးထားတာကတော့ ခဲ၊ ဘူး၊ ခရမ်းသီး၊ ဆူးပုပ်ကြီး၊ လက်ခြားချဉ်ပေါင်၊ ရုံးပတီ၊ ဆလတ်ရွက်၊ ကျောက်ဖရုံစတဲ့ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးထားတာပါ။ ခုဆိုရင်စိုက်ခင်းလေးထဲက ဟင်းသီးဟင်းရွက်များ ခူးဆွတ်ရောင်းချလို့ရပါပြီ။ စိုက်ပျိုးတဲ့အခါမှာလည်း သဘာဝမြေဩဇာများဖြစ်တဲ့ နွားချေး၊ ဆိတ်ချေးများနဲ့ စိုက်ပျိုးထားတဲ့အတွက် သဘာဝအော်ဂဲနစ်စစ်စစ် ဖြစ်တယ်လို့လည်း ပြောရင်ရပါတယ်။ နေ့စဉ် မိမိအိမ်စားဖို့ဆောင်ဟင်းစားအတွက် ယာထဲကထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်တွေကို ခူးယူချက်ပြုတ်စားနိုင်သလို စိုက်ခင်းတွေထဲကထွက်ရှိလာတဲ့ ဟင်းသီးဟင်းရွက်တွေကို ယာထဲကို လာရောက်ဝယ်ယူသူများရှိပြီး နတ်မောက်မြို့နယ်မြို့မစည်ပင်သာယာဈေးသို့လည်း သွားရောက်ရောင်းချပါတယ်။ အဲဒီလို နေ့စဉ်ရောင်းချရတဲ့အတွက် မိသားစုစီးပွားရေးအတွက် အပိုဝင်ငွေရရှိတာပေါ့"ဟု အင်းကုန်းကျေးရွာ တစ်နိုင်တစ်ပိုင်ဟင်းသီးဟင်းရွက်စိုက်ပျိုးရောင်းချသူ ဒေါ်ကြူးကြူးက ပြောသည်။

နတ်မောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်မျိုးစုံ ၁၅၅၇ ဧကလျာထားပြီး ၈၈၅ ဧကစိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

လှဝင်း

အသက်ငါးနှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ



ဂန့်ဂေါ ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် အသက်ငါးနှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဩဂုတ်လ ၂၆ ရက်မှ ၂၈ ရက်အထိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့တွင် စုရုပ်နှစ်နေရာခွဲ၍ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဂန့်ဂေါခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးစန်းဝင်းဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အသက်ငါးနှစ်အောက်ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရိုတာ)၊ ပိုလီယိုကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသား၀ါ(ဘီ)-ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုးဆေးများကို ကလေးများ၏ အသက်အရွယ်အလိုက် သတ်မှတ်အကြိမ်အတိုင်း ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို မြို့ပေါ်လေးရပ်ကွက်နှင့် ဂန့်ဂေါမြို့နယ်အတွင်းရှိကျေးရွာများမှကာကွယ်ဆေးများ မထိုးနှံရသေးသည့် အသက်ငါးနှစ်အောက်ကလေးငယ်များကို ဩဂုတ်လ ၂၆ ရက်တွင် ၂၈၁ ဦး၊ ဩဂုတ်လ ၂၇ ရက်တွင် ၉၈ ဦးကိုထိုးနှံပေးပြီး ဩဂုတ်လ ၂၈ ရက်အထိ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။**မောင်မျိုးမင်း(ပြန်/ဆက်)**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလှုပ်စစ်သံဂဟေဆက်သင်တန်းဖွင့်လှစ်

ဘိုကလေး ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလှုပ်စစ်သံဂဟေဆက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၂၇ ရက်နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဘိုကလေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်က ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ စျေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုလိုအသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်းအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းကို ဘိုကလေးမြို့နယ်အတွင်းရှိနတ်ချောင်းကျေးရွာ၊ ကုလားကြီးချောင်းကျေးရွာ၊ သစ်တိုချောင်းကျေးရွာ၊ ငွေတောင်ကျေးရွာ၊ ကျောင်းချောင်းကျေးရွာနှင့်သာပေါင်းကျေးရွာ စုစုပေါင်းကျေးရွာခြောက်ရွာမှ သင်တန်းသား ၃၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင်သံဂဟေဆက်နှင့်ပတ်သက်၍ တေ့ဆက်၊ တီပုံအဆက်၊ ထပ်ဆက်၊ ထောင့်ဆက်၊ အနားစောင်းအဆက် စသည့်သံဂဟေဆက်နည်းပညာအမျိုးမျိုးကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်ဆရာများက စာတွေ့လက်တွေ့ရက်ပေါင်း ၃၀ ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

စိန်လွင်(ကျေးလက်)

ကန့်ဘလူမြို့၌ ဆန် စားအုန်းဆီနှင့် ကြက်သွန်နီများ ဈေးနှုန်းချိုသာစွာရောင်းချပေး

ကန့်ဘလူ ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများ နေ့စဉ်လူမှုဘဝစားသောက်နိုင်ရေးအတွက် ဩဂုတ်လ ၂၈ ရက်တွင် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းဘေးဓမ္မူထွန်းရွှေဆိုင်ရှေ့၌ ရောင်းချပေးကြောင်း သိရသည်။



ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဆီလုပ်ငန်းရှင်အသင်းတို့ပူးပေါင်း၍ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်၊ စားအုန်းဆီ ၅၀ ကျပ်သားနှင့် ကြက်သွန်နီတစ်ပိသာနှုန်းစီတို့ကို ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးလျက်ရှိသည်။

အဆိုပါစားသောက်ကုန်များကို မြို့ပေါ်ရပ်ကွက်(၁/၂/၃/၄/၅) ရပ်ကွက်များ၌ ရောင်းချပေးလျက်ရှိကြောင်းနှင့် ပြည်သူများလွယ်ကူစွာဝယ်ယူနိုင်ရေး နေ့စဉ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းဇြိမ်း(ကန့်ဘလူ)

ဝိသမဝမ်းမီး သို့မဟုတ် အစာမကြေ လေမကြေရောဂါ

"တိုင်းရင်းဆေးအယူအဆတွင် လေလွန်လျှင် ဝိသမဝမ်းမီးရောဂါဟုခေါ်သည်။ ရေချည်းသောက်နေပြီး အစာမရှိသောအခါ အစာအိမ်တွင် လေဝင်ရောက်လာပြီး လေတဂစ်ဂစ်တက်လေတော့သည်။ လေ၏ သဘောမှာ အထက်သို့ဆန်သဖြင့် စကားပြောလိုက်တိုင်း လေတက်လာခြင်းဖြစ်သည်။ တချို့သူများမှာ ဝိတ်ချသည်ဟုဆိုကာ နေ့ခင်းတွင် တဝစားပြီး ညစာမစားဘဲ နေတတ်ကြသည်။ အမှားပင်ဖြစ်သည်။ ညစာမစားသောအစာအိမ်တွင် လေဝင်လာပြီး ဝိသမဝမ်းမီးရောဂါရလာနိုင်သည်။ အစာမကြေခြင်းနှင့်လေထိုးခြင်းနှစ်မျိုး တွဲဖြစ်လာနိုင်သဖြင့် ဝိတ်ချလိုလျှင် နံနက်စာ၊ နေ့လယ်စာ၊ ညစာ အားလုံးကို လျှော့စားရန်သာလိုသည်။ မစားဘဲနေရန်မလို။ အထူးသဖြင့် အဆီနှင့် အချိုကိုသာ လျှော့ရန်လိုသည်။ ကစီနှင့်အာဟာရကို လျှော့ရန်မလိုပေ . . ."

'ရေသောက်ပြီး အစာမကြေဖြစ်နေလို့ဗျာ'ဟု ပြောလျှင် ရယ်စရာ၊ နောက်ပြောင်နေသည်ဟု ထင်ကြပါလိမ့်မည်။

ရယ်စရာပြောနေခြင်းမဟုတ်ပါ။ အစာအိမ်ရောဂါ ငါးမျိုးကိုလေ့လာကြည့်သောအခါ ဝိသမဝမ်းမီး ခေါ် လေပွပြီး အစာမကြေသည့်ရောဂါဖြစ်ရသော အကြောင်းရင်းများစွာရှိသည့်အနက် ပထမဆုံးအချက်မှာ-

ရေကို လွန်ကဲစွာသောက်ခြင်းကြောင့် အစာမကြေရောဂါဖြစ်ရကြောင်း တွေ့ရလေသည်။

ဆေးကျမ်းများမှ အဆိုကို အတိအကျဖော်ပြရလျှင် ဝမ်းမီးပျက်၍ အစာမကြေရောဂါဖြစ်ရသော အကြောင်းရင်းများမှာ-

(၁) ရေကို အလွန်အကဲသောက်ခြင်းကြောင့်လည်းကောင်း၊

(၂) အစာစားချိန်မမှန်ခြင်းကြောင့်လည်းကောင်း၊

(၄) ကျင်ကြီး၊ ကျင်ငယ်မသွားဘဲ အောင့်ထားခြင်းကြောင့်လည်းကောင်း၊

(၅) ညဉ့်နက်သည်အထိ မအိပ်ဘဲ နေ့တွင်အိပ်ခြင်းကြောင့်လည်းကောင်း၊

(၆) အလုပ်ကို ပင်ပန်းစွာလုပ်လိုက်၊ နားနေလိုက်ပြုမူခြင်းကြောင့်လည်းကောင်း၊

(၇) နေပူထဲတွင်နေလိုက်၊ အရိပ်ထဲတွင်နေလိုက်ပြုမူခြင်းကြောင့်လည်းကောင်း၊

စသောအကြောင်းများကြောင့် ဝမ်းမီးပျက်စီးခြင်း မမျှမတဖြစ်သောကြောင့် အဇီဏ္ဏ ခေါ် အစာမကြေရောဂါဖြစ်လေသည်။

အစာကြေသောအခါ သမဝမ်းမီးဖြစ်ပြီး အစာမကြေသောအခါ ဝိသမဝမ်းမီးဟုဆိုရပေမည်။

တစ်ချိန်က ရေသောက်ခြင်းဖြင့် ရောဂါကင်းဝေးပြီး ကျန်းမာရေးအတွက် ဆေးတစ်လက်အဖြစ် ရေကို နံနက်အိပ်ရာထ၊ ညအိပ်ရာဝင် အချိန်တို့တွင် တဝသောက်သင့်ကြောင်း သတင်းစာပါ ဆောင်းပါးတစ်ပုဒ်ကို အကြောင်းပြု၍ ခေတ်စားခဲ့ဖူးသည်။ ဂျပန်နိုင်ငံမှ ရေသောက်နည်းဟုလည်း ဆောင်းပါး ရေးခဲ့သည်။ တခြားသူများ၏ ရေသောက်ခြင်းကြောင့် ရရှိလာသောအကျိုးအပြစ်ကို မသိသော်လည်း ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးအကြောင်းကိုတော့ ပြောပြချင်သည်။ စာရေးသူ၏ ပညာတတ်မိတ်ဆွေတစ်ဦးမှာ စာဖတ်သန်သည်။ ဖတ်မိသောစာများကို နှစ်ခြိုက်လျှင် စာထဲမှာပါသည့်အတိုင်း လိုက်နာဆောင်ရွက်သည်။ သူ၏အိပ်ခန်းသို့ သွားလည်သောအခါ အိမ်နံရံတွင် မှတ်သားစရာ စာတိုပေစလေးများ ရေးကပ်ထားသည်ကိုတွေ့ရသည်။

တစ်နေ့သောအခါ သူဖတ်မိသော ဆောင်းပါးတစ်ပုဒ်တွင် တစ်နေ့လျှင် ရေ တစ်ဂါလန်သောက်ပေးမှသာ ခန္ဓာကိုယ် လိုအပ်ချက်ပြည့်စုံမည်။ တစ်နေ့ ရေ နှစ်ဂါလန်သောက်သူသည် သွေးပျစ်ခဲခြင်းမှ ကာကွယ်ပြီး သွေးလှည့်ပတ်မှုအလွန်ကောင်းကာ တစ်သက်တာ ဆေးမှီဝဲစရာမလိုတော့ကြောင်း၊ ရောဂါကင်းဝေးကျန်းမာရေးအတွက် ရေကိုသာ မှီဝဲသင့်ကြောင်း ဖတ်မိလေသည်။

မကြာမီပင် သူသည် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ရေနွေးကြမ်းသောက်ခြင်း၊ ကော်ဖီသောက်ခြင်းတို့ကို စွန့်လွှတ်ပြီး ရေကိုသာ သောက်တော့သည်။ စာထဲမှာပါသည့်အတိုင်း ရေနှစ်ဂါလန်ပြည့်အောင် ပုလင်းဖြင့်ခြင်ပြီး သောက်တော့သည်။

ထိုကဲ့သို့သောက်ခြင်းကြောင့် ပထမပိုင်းရက်များတွင် ဝမ်းမှန်ပြီး အသားအရေကြည်လင်ကာ သူ့ကိုယ်သူပင် ကြည့်ကောင်းလာသည်ဟု ထင်မြင်မိလာသည်။ ဆာသည့်အခါတိုင်း ရေကိုပင်သောက်သည်။ အစာစားပြီးလျှင်လည်း ရေကို တဝသောက်ပစ်သည်။ တွေ့သမျှ မိတ်ဆွေမှန်သမျှကိုလည်း ရေကိုသာသောက်ဖို့ လိုက်လံတရားဟောသည်။ သူ့ဇနီး၊ သားသမီးများသာမက သူ၏ နှစ်နှစ်ခွဲအရွယ် မြေးကလေးကိုပါ ရေသောက်ခိုင်းတော့သည်။

နောက်ဆက်တွဲအကျိုးဆက်မှာ-

တစ်လခန့်အကြာတွင် သူ့မှာ လေရောဂါရလာသည်။ လေတွေ တဂစ်ဂစ်တက်လာသည်။ စကားပြောလျှင် ကြားဖြတ်ပြီး လေတတ်သဖြင့် မောလာသည်။ အာခေါင်ခြောက်သဖြင့် ရေသောက်ပြီးရင်း ရေငတ်ရင်းဖြစ်လာသည်။ သူသည် ဘာမျှမစားချင်၊ အစားပျက်လာသည်။ နေ့တွင် မစားချင်၊ ညအိပ်ရာဝင်ပြီးမှ ဗိုက်စာ၍ ထစားချင်စားသည်။ အစာစားပြီး ပြန်အိပ်သောအခါ အိပ်မပျော်။ လေခံနေသလိုရင်ခေါင်းမှတင်းတောင့်နေပြီး ထထိုင်လိုက်၍ လေတက်သွားလျှင် သက်သာသည်။ ရေများများသောက်ခါစက ဝမ်းမှန်သလောက် နောက်ကြာလာသောအခါ ဝမ်းမမှန်တော့ပေ။ ဝမ်းချုပ်ပြီး ခါးအောက်ပိုင်းညောင်းကာ နောက်ကြောများ တက်လာတော့သည်။

အခုတော့ သူ့ကိုကြည့်ရသည်မှာ အဖိုးကြီးအို ခါးကုန်းကုန်းဆိုရမလိုဖြစ်နေသည်။ အားမရှိတော့သလို ခါးကုန်းသွားကာ ပါးစပ်မှ လေအန်လိုက်မှ သက်သာကြောင်းပြောသည်။ တစ်ရက်က အိမ်နီးချင်းက ဝယ်ပေးသည့် လေဆေးတစ်ထုပ်ကိုသောက်ပြီးနောက် မူးလာသဖြင့် ဆေးခန်းသို့သွားပြသောအခါ သွေးတိုးနေသည်။ အပေါ်သွေး ၁၇၀ နှင့် အောက်သွေး ၉၅ အထိ တိုးနေသည်ဟု ပြောသည်။ အင်နမ်များသော လေဆေးများကို အရမ်းမဲ့မသောက်သင့်ကြောင်း ဆရာဝန်က မှာလိုက်သည်။ တိုင်းရင်းဆေးနည်းအရ သွေးတိုးမှာ လေတိုးကြောင့်လည်း ဖြစ်နိုင်သည်။ သောက်သမျှရေ၏ပိုလျှံသမျှကို ကျောက်ကပ်က ပြန်ထုတ်ရပေသည်။ ရေသောက်များလွန်း၍ ကျောက်ကပ်ပျက်စီးလျှင် သွေးတိုးနိုင်သည်။

သူ့ကိုကြည့်ပြီး သင်ခန်းစာယူရသည်မှာ စာတိုပေစဖတ်သူများသည် ဖတ်ပြီးလိုက်နာဆောင်ရွက်ရန် သင့်၊ မသင့် စာထဲမှရေးသော အချက်အလက်များကြောင့် အကျိုးဖြစ်ထွန်းသူများမှာ မြန်မာနိုင်ငံကလား၊ နိုင်ငံရပ်ခြားတိုင်းပြည်တစ်ခုကလား သတိထားရန်လိုသည်။ ရေမြေမတူလျှင် ဆေးပညာအယူအဆများမတူကြသည်ကို သတိပြုပြီး မလိုက်နာခင် စမ်းသပ်ဖို့လိုသည်။ စာထဲမှာပါတိုင်း အရမ်းမဲ့လိုက်နာလျှင်၊ ယုံကြည်လွန်းလျှင် ဘေးတွေ့ရတတ်သည်။

တိုင်းရင်းဆေးအယူအဆတွင် လေလွန်လျှင် ဝိသမဝမ်းမီးဟုခေါ်သည်။ ရေချည်းသောက်နေပြီး အစာမရှိသောအခါ အစာအိမ်တွင် လေဝင်ရောက်လာပြီး လေတဂစ်ဂစ်တက်လေတော့သည်။ လေ၏ သဘောမှာ အထက်သို့ဆန်သဖြင့် စကားပြောလိုက်တိုင်း လေတက်လာခြင်းဖြစ်သည်။ တချို့သူများမှာ ဝိတ်ချသည်ဟုဆိုကာ နေ့ခင်းတွင် တဝစားပြီး ညစာမစားဘဲ နေတတ်ကြသည်။ အမှားပင်ဖြစ်သည်။ ညစာမစားသောအစာအိမ်တွင် လေဝင်လာပြီး ဝိသမဝမ်းမီးရောဂါရလာနိုင်သည်။ အစာမကြေခြင်းနှင့်လေထိုးခြင်းနှစ်မျိုး တွဲဖြစ်လာနိုင်သဖြင့် ဝိတ်ချလိုလျှင် နံနက်စာ၊ နေ့လယ်စာ၊ ညစာ အားလုံးကို လျှော့စားရန်သာလိုသည်။ မစားဘဲနေရန်မလို။ အထူးသဖြင့် အဆီနှင့်အချိုကိုသာ လျှော့ရန်လိုသည်။ ကစီနှင့်အာဟာရကို လျှော့ရန်မလိုပေ။

ပိုးစာ၊ လောင်မီး၊ ကျင်ကြီး၊ ကျင်ငယ် တစ်သွယ် သွေးသားဟု ဆိုထားသဖြင့် မိမိစားသည့်အစာအာဟာရကို မှီခိုကပ်စားနေသည့် ပိုးများဖြစ်လေသည်။ ဤရောဂါအကြောင်းကို နောင်အလျဉ်းသင့်လျှင် အကျယ်ရေးသားတင်ပြပါဦးမည်။

အစာမကြေ၊ လေမကြေရောဂါဖြစ်ခဲ့လျှင် ရေတို့ တစ်ပွဲတိုးဆေးကုရမရပါ။ ရောဂါကုရာ စိတ်ရှည်ပါဟုဆိုသည့်အတိုင်း ဤရောဂါမျိုးကို တစ်ရက်၊ တစ်ပတ်ဖြင့် ကုစား၍မရနိုင်ပါ။ အချိန်ယူ၍ အစားအသောက်သာမက အနေအထိုင်၊ အပြုအမူများပါ ပြောင်းလဲမှ ရောဂါပျောက်နိုင်မည်ဖြစ်သည်။

ဝိသမဝမ်းမီးရောဂါအတွက် ဝမ်းချုပ်လျှင် ဝမ်းနုတ်ပေးရသည်။ သင့်တင့်သောအစာကို အချိန်မှန်မှန်ကျွေးပြီး သင့်တင့်သောအစာကြေဆေးပေးရသည်။ ကြားချိန်များတွင် လေဆေးလည်း ပေးသင့်ကပေးရသည်။ အစာအိမ်ကိုသာမက လေကိုပါ ကုသရသဖြင့် ဝါရင့်သမားတော်များနှင့်သာ တိုင်ပင်ကုသသင့်သောရောဂါမျိုးဖြစ်လေသည်။ ။

ကြည်လွင်မြင့်(မုဒြာ)

ဟင်္သာတမြို့နယ်မှထွက်ရှိသော ပဲလွမ်းဖြူများ ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းနေ



ဟင်္သာတ သြဂုတ် ၂၈

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်မှ ထွက်ရှိသော ပဲလွမ်းဖြူများ ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း ဟင်္သာတမြို့နယ်၌ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခိုင်ခိုင်ဦး၏ပြောကြားချက်အရ သိရသည်။

ဟင်္သာတမြို့နယ်၌ သြဂုတ်လ ဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ ထိုသို့ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာပြီး ပဲလွမ်းဖြူလက်ကျန်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ သြဂုတ်လဒုတိယပတ်လောက်ကစပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ လက်ရှိ ဒေသမှာ ပဲလွမ်းဖြူအသစ်တွေ မထွက်သေးပါဘူး။ ဒေသမှာ ပဲလွမ်းဖြူက ဆောင်းသီးနှံတွေရိတ်သိမ်းချိန်မှာ အထွက်များပါတယ်''ဟု ဒေါ်ခိုင်ခိုင်ဦးကပြောသည်။

ဟင်္သာတမြို့နယ်ရှိ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချကြပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့် ဆန် စသည်တို့ကိုတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ



မကွေး ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတထိန်းသိမ်းခြင်းကို စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ငါးမျိုးများကို တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များရှိ ဧရာဝတီမြစ်၊ ချောင်းနှင့် ဆည်တမံများအတွင်းသို့ ငါးမျိုးများစိုက်ထည့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၂၈ ရက် နံနက်ပိုင်းတွင် မကွေးမြို့ မြင်းကင်းဆိပ်ရှိ ဧရာဝတီမြစ်ကမ်းစပ်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်၍ ဧရာဝတီမြစ်အတွင်း ကြီးထွားမှုနှုန်းမြန်ဆန်သည့် ငါးသားပေါက်များဖြစ်သော ငါးခုံးမကြီး ကောင်ရေနှစ်သိန်း၊ ငါးမြစ်ချင်း ကောင်ရေ တစ်သိန်းခွဲ၊ ရွှေဝါငါးကြင်း ကောင်ရေ ငါးသောင်းစုစုပေါင်း ငါးမျိုးကောင်ရေလေးသိန်းကို စိုက်ထည့်ကြသည်။

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ဖမ်းဆီးစားသုံးခြင်းမှ ကုန်ဆုံးသွားသော ငါးများအားပြန်လည်အစားထိုးရန်ရည်ရွယ်၍ စိုက်ထည့်ခြင်းဖြစ်ကြောင်း၊ ငါးသယံဇာတတိုးပွားရေးအတွက် ငါးလုပ်ငန်းလုပ်ကိုင်သူများအား အသိပညာပေးဟောပြောခြင်း၊ ငါးမျိုးရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် တောင်တွင်းကြီးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့တွင် ငါးသားပေါက်စခန်းဖွင့်လှစ်ပြီး ဆောင်ရွက်ပေးခြင်း၊ ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် ဆည်၊ ကန်များနှင့်မြစ်၊ ချောင်းများအတွင်း နှစ်စဉ်ငါးမျိုးများစိုက်ထည့်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း ငါးမျိုးစိုက်ကောင်ရေ စုစုပေါင်း ၁၀သိန်းစိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အောင်ကို(ဖန်ခါးမြေ)

မိုးနဲမြို့နယ်၌ မိုးစပါးလျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



မိုးနဲ ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဆန်ရိက္ခာဖူလုံပို့လျှံရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၄- ၂၀၂၅ ခုနှစ်အတွင်း မိုးစပါးလျာထားဧကာ ၉၅၉၅ ဧကာ စိုက်ပျိုးရန်လျာထားပြီး ဩဂုတ်လ ၂၈ ရက်တွင် လျာထားဧကာ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးနဲမြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းကာ ဒေသနှင့်ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကျရောက်မှုကင်းဝေးစေရေး၊ မျိုးကွဲများနှုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျ ကိုင်တွယ်သုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းတို့ စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးညွှန့်ရွှေ(မိုးနဲ)**

ဒကွိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးခြင်းအခမ်းအနားကို ဩဂုတ်လ ၂၇ ရက်တွင် တာဝန်ရှိသူများက ကျွန်းတက်ပဲကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ SMU ခန်းမ၌ ဆောင်ရွက်သည်။

ရေးဦးစွာ ဒကွိဏသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဇော်ဝိတ်က အမှာစကားပြောကြားပြီး ဒကွိဏသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်က ညောင်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ညောင်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၉ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်းကို အတိုးနှုန်းသက်သာစွာ ဒုတိယအကြိမ်မြောက်ထုတ်ချေးပေးကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**

ချစ်စကို ရွှေလိုဥ

❐ အင်းအိုင်ရေ ကိုင်းတောနှင့်
ဗျိုင်းပေါသည့် လယ်ကွင်းပြင်။
ကန်စွန်းပင် ကနဖော့
ကြော့ကြော့ လွင်လွင်။
မိုးတစ်မော့ မျှော်ပါလျှင်
အာကာခွင် အုံ့မှိုင်း။
ကျူရိုးပင် လေယူသိမ်းတယ်
ယိမ်းနွဲ့လို့ကိုင်း။

❐ လယ်ကွက်တိုင်း ရေဖွေးဖြူ
လေအေးမြူ ချော့အနမ်း။
ငွေဗျိုင်းဖြူ ရွာအနောက်မှာ
ငါးကောက်လို့ ဖမ်း။

❐ လယ်ကဏန်း လက်မထောင်
မိုးမှန်အောင် ဆုတောင်း။
ပျိုးသန်ကာ နေသာခိုက်
ကောက်စိုက် စုပေါင်း။

❐ အောင်မောင်းနှင့် အေးသာ
မွေးလာသည့်ရင်သွေး။
ကျောင်းအပ်ကာ ပညာတတ်ဖို့
ထပ်ထပ်မှာသေး။

❐ ချစ်စရာ့ တို့ကျေးရွာ
သာယာလို့ သတင်းမွေး။
စေတနာ မေတ္တာရိုင်းပင်းမှုနဲ့
ချစ်စကို ရွှေလိုဥတယ်
ဂုဏ်ပြုတယ်လေး။ ။

မောင်ရေမွေး(ပေလေးပင်)

သဇင် (FM) အသံလွှင့်အစီအစဉ်

၂၉-၈-၂၀၂၄(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင်မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၀:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

မော်လိုက်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းကေ ၄၉၀ ကျော် စိုက်ပျိုးပြီးစီး

မော်လိုက် ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၄၉၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မော်လိုက်ခရိုင်၌ ဖူးစားပြောင်း ၅၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင် စိုက်ပျိုးရာ လက်ရှိတွင် မော်လိုက်မြို့နယ်၌ ၁၈၇ ဧကနှင့် ဖောင်းပြင်မြို့နယ်၌ ၃၀၈ ဧက စုစုပေါင်း ၄၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်ခရိုင်မှာ ဖူးစားပြောင်း ၅၇၅ ဧကစိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိမှာ ၄၉၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မော်လိုက်ခရိုင်၌ ဖူးစားပြောင်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်၌ ၂၃၂ ဧကနှင့် ဖောင်းပြင်မြို့နယ်၌ ၃၄၃ ဧက စုစုပေါင်း ၅၇၅ ဧကဖြစ်ကြောင်း သိရသည်။



ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်းအပြင် ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်းငရုတ်ပိုးနှင့်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။ **(၄၀၉)**

ပင်းတယမြို့နယ်၌ RBF စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေး

ပင်းတယ ဩဂုတ်၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)ဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ဩဂုတ်လ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများသည် မကျားကုန်းခေတ်မီစံပြကျေးရွာ၌ ရွှေနီဝက်မွေးမြူရေးအစုအဖွဲ့၊ တိုးပွားဝက်မွေးမြူရေးအစုအဖွဲ့တို့မှ ဝက်မွေးမြူထားမှု၊ သိန်းရွှေနွားမသားပေါက်မွေးမြူရေးအစုအဖွဲ့မှ နွားသားပေါက်များမွေးမြူထားမှု၊ ထူးရှယ်အစုအဖွဲ့မှ အာလူးကြော်ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျားကုန်းခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို RBF စီမံကိန်းခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေ ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ ဖြင့် ဝင်ငွေတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

မဿန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)၌ ဆံသ စက်ချုပ် ကွန်ပျူတာ ဓာတ်ပုံနှင့် တံဆိပ်ရိုက်သင်တန်းများ ဖွင့်လှစ်သင်ကြားမည်

ရန်ကုန် ဩဂုတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မဿန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း သင်တန်းအမှတ်စဉ် (၂) အဖြစ် ဆံသ၊ စက်ချုပ်၊ ကွန်ပျူတာ၊ ဓာတ်ပုံနှင့်တံဆိပ်ရိုက်သင်တန်းများ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းများသည် သုံးလသင်တန်းများဖြစ်ပြီး စက်တင်ဘာလ ၉ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို လျှောက်ထားနိုင်ကာ အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူ ဖြစ်ရမည်ဖြစ်ပြီး သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်ဖြစ်သည်။

လျှောက်ထားလိုသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ကိုဗစ်-၁၉ ရောဂါစစ်ဆေးပြီးစီးကြောင်း ဆေးလက်မှတ်မူရင်းတို့ယူဆောင်၍ ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မဿန်စွမ်းသက်ကြီးသင်တန်းကျောင်းသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

သင်တန်း တက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှစီစဉ်ပေးမည်ဖြစ်သည်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန မဿန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနစု ဖုန်း ၀၆၇-၄၀၄၂၅၂၄နှင့် မဿန်စွမ်း သက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်း ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၀၃၅၅၀၈၀ နှင့် ၀၉-၇၉၇၈၁၉၄၁၉ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ

သဃ်နိုးကျွန်းပညာရေးဒီဂရီကောလိပ်၌ ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် သဃ်နိုးကျွန်းပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ဩဂုတ်လ ၂၇ ရက်က ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် သဃ်နိုးကျွန်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခများက Introduction to Constitutions of Myanmar နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် သိမှတ်ဖွယ်ရာများကို အသိပညာပေးဟောပြောဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသည့်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် ကျောင်းအုပ်ကြီးဒေါက်တာငြိမ်းသီအောင်က ဟောပြောဆွေးနွေးခဲ့ကြသည့် ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနမှ ပါမောက္ခများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ သဃ်နိုးကျွန်းပညာရေးဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀၀ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

သိန်းအောင်



❐ ရှေ့ဖုံးမှအဆက်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ရာ ဩဂုတ်လ ၂၇ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံဆိုင်ရာစစ်သံမှူးဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဩဂုတ်လ ၂၇ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံသို့ သွားရောက်လည်ပတ်ခြင်း၊ နေ့လယ်ပိုင်းတွင် Ling Guang ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါထူးချွန်လူငယ်များ၊ပါဝင်သည့်လေ့လာရေးအဖွဲ့သည် ပေကျင်းမြို့ရှိ Great wall သို့ သွားရောက်လေ့လာခဲ့ကြပြီး နေ့လယ်ပိုင်းတွင် နွေရာသီနန်းတော်သို့သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ သွားရောက်လေ့လာရာတွင် နိုင်ငံတော်အဆင့်ဘက်စုံပညာထူးချွန်လူငယ်ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာနေရာအလိုက်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**











၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ အထင်ကရနေရာများအား သွားရောက်လေ့လာစဉ်။

လှည်းကူးမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ ရုမ်းရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဇေယျံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၄ ပါးနှင့် ဒေသခံပြည်သူ ၆၆ ဦးတို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ ပွင့်လင်းမြင်သာစွာတည်ဆောက်ရေး နှီးနှောဖလှယ်ပွဲတက်ရောက်ရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဩဂုတ် ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုမင်းမြို့၌ ဩဂုတ်လ ၂၈ ရက်မှ ၂၉ ရက်အထိကျင်းပမည့် ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ "The Belt and Road Initiative" ၏ ပွင့်လင်းမြင်သာစွာတည်ဆောက်ရေး နှီးနှောဖလှယ်ပွဲတက်ရောက်ရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သည့်ကိုယ်စားလှယ် အဖွဲ့သည် ယမန်နေ့နေ့လယ်ပိုင်းက ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ "The Belt and Road Initiative"၏ ပွင့်လင်းမြင်သာစွာတည်ဆောက်ရေး နှီးနှောဖလှယ်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဌာနခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းထက်တို့ လိုက်ပါသွားကြသည်။

၎င်းနှီးနှောဖလှယ်ပွဲသည် ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံတကာကူးလူးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအားကောင်းလာစေရန်၊ စီးပွားရေးလုပ်ငန်းများမြှင့်တင်ရန်၊ အဂတိလိုက်စားမှုဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ နယ်စပ်ဖြတ်ကျော်အဂတိလိုက်စားမှုကို တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်သော အစီအမံများ ဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၈

ရေယာဉ်မတော်တဆမှုများ လျော့နည်းပျောက်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရေကြောင်းဖြင့် ခရီးသွားကြသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကုန်စည်များလုံခြုံချောမွေ့စွာ လိုရာခရီးသို့သယ်ယူပို့ဆောင်နိုင်ရေးဝန်ဆောင်မှုပေးနိုင်ရန်၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများအနေဖြင့် ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလုပ်ဆောင်နိုင်စေရန်၊ ရေယာဉ်ဆိုက်ကပ်သည့်ဆိပ်ကမ်းနေရာများ စနစ်တကျရှိစေရေးဆောင်ရွက်ရန်၊ ရေယာဉ်စည်းကမ်း၊ ရေကြောင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေယာဉ်မတော်တဆမှုများလျော့နည်းပျောက်စေရန်ရည်ရွယ်ကာ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်အားအသုံးပြုလျက် သွားလာလှုပ်ရှားနေကြသည့် ခရီးသွားပြည်သူများ၏အသက်အန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် စက်တပ်သမ္မန်ရေယာဉ်မောင်းနှင်သူများအား စနစ်တကျမှတ်ပုံတင်ထုတ်ပေးရေးနှင့် သမ္မန်ရေယာဉ်ပြေးဆွဲရေး၊ သမ္မန်ရေယာဉ်ဂိတ်များဖွဲ့စည်းမှု၊ ရေကြောင်းသွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မှတ်ပုံတင်ထားရှိသည့် မြင်းကောင်ရေ(၂၀)အောက် စက်တပ်သမ္မန် ၅၃၇ စင်းရှိရာ သမ္မန်ရေယာဉ်ဂိတ်(၇)ဂိတ်ဖြစ်သည့် ဆိပ်ကြီးရေယာဉ်ဂိတ်တွင် အစင်း ၆၀၊ စက်ဆန်းရေယာဉ်ဂိတ်တွင် ၉၂ စင်း၊ အောက်ရုံရေယာဉ်ဂိတ်တွင် ၈၈ စင်း၊ အလတ်ချောင်းရေယာဉ်ဂိတ်တွင် ၁၀၃ စင်း၊ အေးရွာအရှေ့ရေယာဉ်ဂိတ်တွင် ၅၄ စင်း၊ ဘလုတ်ညွှန့်ရေယာဉ်ဂိတ်တွင် ၇၄ စင်း၊ စက်ကလေးရေယာဉ်ဂိတ်တွင် ၆၆ စင်းဖြင့် အသီးသီးပြေးဆွဲလျက်ရှိကြောင်းလည်း သိရသည်။



ဝန်းရံခ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၈-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၉၇၅	၃၀၅၅	၃၀၃၀	၂၉၈၅	၃၀၅၅	၃၀၇၀	၃၀၈၀	၃၀၃၅	၃၀၆၅	၃၁၉၀	၃၀၄၅	၃၀၆၀	၃၀၉၅	၃၀၈၀	၃၀၉၅	၃၄၉၅	၅၈၀၀
95 Ron	၃၁၁၅	၃၁၉၅	၃၁၇၀	၃၁၂၅	၃၂၀၀	၃၂၃၀	၃၂၂၅	၃၁၇၅	၃၃၀၅	၃၃၃၅	၃၂၈၅	၃၂၀၀	၃၂၄၅	၃၂၂၀	၃၂၃၅	၃၆၄၀	၆၀၀၀
HSD (500 ppm)	၂၆၁၀	၂၆၉၀	၂၆၆၅	၂၆၂၀	၂၆၉၀	၂၇၀၅	၂၇၁၅	၂၆၇၀	၂၇၉၅	၂၈၂၅	၂၆၈၀	၂၆၉၅	၂၇၂၅	၂၇၁၅	၂၇၂၅	၃၁၃၀	၅၈၀၀
HSD (50 ppm)	၃၂၀၀	၃၂၈၀	၃၂၅၅	၃၂၃၀	၃၂၈၅	၃၂၉၅	၃၃၁၀	၃၂၆၀	၃၃၉၀	၃၄၂၀	၃၂၇၀	၃၂၈၅	၃၃၂၀	၃၃၀၅	၃၃၂၀	၃၇၂၅	၅၈၀၀
HSD (10 ppm)	၃၂၀၀	၃၂၈၀	၃၂၅၅	၃၂၃၀	၃၂၈၅	၃၂၉၅	၃၃၁၀	၃၂၆၀	၃၃၉၀	၃၄၂၀	၃၂၇၀	၃၂၈၅	၃၃၂၀	၃၃၀၅	၃၃၂၀	၃၇၂၅	၅၈၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၁၉	၂၉၀၉
95 Ron	၂၉၅၅	၃၀၄၈
HSD (500 ppm)	၂၄၆၄	၂၅၄၃
HSD (50 ppm)	၃၀၃၇	၃၁၂၈
HSD (10 ppm)	၃၀၃၇	၃၁၂၈

နိုင်ငံခြားငွေ ယိုစိမ့်မှုများ လျော့ချရေး ဝိုင်းဝန်းကူညီပေး

ရွှေရည်ဦး

နိုင်ငံခြားငွေဆိုတာဘာလဲ

နိုင်ငံခြားငွေဆိုတာ မိမိတို့နိုင်ငံမဟုတ်တဲ့ အခြားနိုင်ငံတစ်နိုင်ငံက အသိအမှတ်ပြု ထုတ်ဝေသုံးစွဲတဲ့ ငွေကြေးကိုဆိုလိုပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သုံးစွဲနေတဲ့ နိုင်ငံအလိုက် ငွေကြေးအမျိုးမျိုးအနက် နိုင်ငံအများအပြားကသုံးစွဲကြတဲ့ နိုင်ငံခြားငွေတွေ တစ်နိုင်ငံမှအခြားနိုင်ငံသို့စီးဆင်းရွှေ့ပြောင်းမှုများဟာ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးကဏ္ဍအတွက် အင်မတန်မှ အရေးပါပါတယ်။ ကမ္ဘာမှာအများဆုံးအရောင်းအဝယ် ပြုလုပ်နေကြတဲ့ ထိပ်တန်းနိုင်ငံခြားငွေကြေး ၁၀ မျိုးကတော့ အမေရိကန်ဒေါ်လာ၊ ယူရို၊ ဂျပန်ယန်း၊ ပေါင်စတာလင်၊ ဩစတြေးလျဒေါ်လာ၊ ကနေဒါဒေါ်လာ၊ ဆွစ်ဖရန့်၊ တရုတ်ယွမ်၊ ဟောင်ကောင်ဒေါ်လာနဲ့ နယူးဇီလန်ဒေါ်လာတို့ပဲဖြစ်ပါတယ်။ အဆိုပါ ငွေကြေးများနဲ့ တစ်ကမ္ဘာလုံးမှာ တစ်နေ့ပျမ်းမျှ ရောင်းဝယ်မှုပြုနေတဲ့ပမာဏကို လေ့လာကြည့်ပါက အောက်ပါအတိုင်းတွေ့ရှိရပါတယ် -

တစ်နေ့တာရောင်းဝယ်မှုပမာဏနှင့် ထိပ်တန်းငွေကြေး ၁၀ မျိုး၌ ပါဝင်မှုအခြေအနေ

စဉ်	ငွေကြေးအမျိုးအစား	တစ်နေ့ပျမ်းမျှ ရောင်းဝယ်မှု ပမာဏ (ဒေါ်လာထရီလီယံ)	ရောင်းဝယ်မှု ရာခိုင်နှုန်း
၁	အမေရိကန်ဒေါ်လာ	၂.၉၀	၄၉.၆
၂	ယူရို	၁.၁၀	၁၈.၈
၃	ဂျပန်ယန်း	၀.၅၅	၉.၄
၄	ပေါင်စတာလင်	၀.၄၂	၇.၂
၅	ဩစတြေးလျဒေါ်လာ	၀.၂၂	၃.၈
၆	ကနေဒါဒေါ်လာ	၀.၁၇	၂.၉
၇	ဆွစ်ဖရန့်	၀.၁၆	၂.၇
၈	တရုတ်ယွမ်	၀.၁၄	၂.၄
၉	ဟောင်ကောင်ဒေါ်လာ	၀.၁၂	၂.၁
၁၀	နယူးဇီလန်ဒေါ်လာ	၀.၀၇	၁.၂

ဇယ်မြစ်။ https://www.bankbazaar.com/currency-exchange/most-traded-currencies-in-the-world ပေါ်အခြေခံ၍ စာရေးသူမှ တွက်ချက်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှာလည်း အများဆုံးရောင်းဝယ်ဖောက်ကား အသုံးပြုနေတဲ့ နိုင်ငံခြားငွေမှာ အမေရိကန်ဒေါ်လာဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာနဲ့အတူ ယူရို၊ ထိုင်းဘတ်ငွေ၊ တရုတ်ယွမ်၊ မလေးရှားရင်းဂစ်၊ စင်ကာပူဒေါ်လာနဲ့ ဂျပန်ယန်းတို့ကိုလည်း သုံးစွဲမှုများပါတယ်။ အဲဒီနိုင်ငံခြားငွေတွေကို တရားဝင် အသုံးပြုခြင်းကြောင့် ငွေကြေးလည်ပတ်စီးဆင်းနေမှု ကောင်းမွန်သလောက် ဥပဒေပြင်ပက အသုံးပြုမှု တွေများလာတဲ့အခါ နိုင်ငံတော်ရဲ့ အရေးကြီးကဏ္ဍ တွေမှာအသုံးပြုဖို့ နိုင်ငံခြားငွေလိုအပ်ချက်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

နိုင်ငံခြားငွေ ဘယ်ကရတာလဲ

နိုင်ငံခြားငွေရနိုင်တဲ့ အခွင့်အလမ်းတွေကတော့ ပို့ကုန်ဝင်ငွေများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှုများမှ ရငွေများ၊ ပြည်တွင်းသို့ လွှဲပို့ငွေများ၊ ခရီးသွားလုပ်ငန်းနှင့်လေကြောင်းဝန်ဆောင်မှုမှ ဝင်ငွေများ၊ ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ချေးယူရရှိငွေနှင့် ပြည်ပထောက်ပံ့ငွေ စသည်တို့ ဖြစ်ပါတယ်။

နိုင်ငံခြားငွေလိုအပ်ချက်က ဘယ်နေရာတွေမှာလဲ

နိုင်ငံခြားငွေကို ပြည်တွင်းသုံးစွဲမှုအနေနဲ့ စက်သုံးဆီ၊ စားသုံးဆီ၊ လူသုံးကုန်နဲ့ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း၊ ဆေးဝါးကုန်ကြမ်း၊ စက်ကိရိယာများ၊ ပြည်ပကြွေးမြီပေးဆပ်ခြင်း၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းများသို့ နှစ်စဉ်ထည့်ဝင်ကြေးများ၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်း၊ ဆေးကုသခြင်း၊ ပညာသင်သွားရောက်ခြင်း၊ အပန်းဖြေခရီးအပါအဝင် ပြည်ပဘုရားဖူးသွားရောက်ခြင်း စသည့်စရိတ်အမျိုးမျိုး အတွက် နိုင်ငံခြားငွေကိုသုံးစွဲရပါတယ်။ အဲဒီအသုံးစရိတ်လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ဖို့ ပြည်တွင်း ထုတ်ကုန်ပစ္စည်းများကိုသုံးစွဲခြင်း၊ ပြည်တွင်းမှစီးထွက်နေတဲ့စရိတ်များကို လျှော့ချသုံးစွဲခြင်းနဲ့ ပြည်ပတင်ပို့မှုမှရရှိတဲ့ရငွေများကို ပြည်တွင်းသို့ ပြန်လည်စီးဝင်စေခြင်းတို့ကို ဆောင်ရွက်ရပါတယ်။

နိုင်ငံခြားငွေ ယိုစိမ့်နေမှုများ

ပြည်ပသို့ သွားရောက်ရာမှာလည်း တရားဝင်သွားရောက်ခြင်းများရှိသလို တရားမဝင်သွားရောက်နေခြင်းများလည်းရှိပါတယ်။ မူလသွားရောက်စဉ်က နိုင်ငံတော်မှတရားဝင်စေလွှတ်တဲ့ ကိုယ်စားလှယ်အဖွဲ့များ၊ သံရုံးဝန်ထမ်းများနဲ့ယင်းတို့၏ မိသားစုဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သဘော်သားများ စသည်တို့ပါဝင်ပါတယ်။ သွားရောက်တဲ့သူတွေထဲမှာ အလည်အပတ် ရည်ရွယ်ချက်နဲ့သွားတဲ့ဦးရေက အများစုဖြစ်သော်လည်း သွားရောက်သူအချို့ကတော့ တစ်ဖက်နိုင်ငံသို့ရောက်တဲ့အချိန်မှာ မူလရည်ရွယ်ချက်အတိုင်းမဟုတ်ဘဲ အလုပ်ရှာ၊ အလုပ်လုပ်ရင်းနဲ့ တရားမဝင်ရွှေ့ပြောင်းသွားလာသူအဖြစ် ရောက်ရှိသွားတာတွေလည်းရှိပါတယ်။ သူတို့တွေ ပြည်ပမှာ ဒုက္ခရောက်နေလို့ နိုင်ငံတော်စရိတ်နဲ့ပြန်ခေါ်ရတဲ့ သာဓကများလည်း ရှိပါတယ်။

နိုင်ငံခြားသွားရောက်တဲ့သူတစ်ဦးအတွက် သုံးစွဲရတဲ့ အနည်းဆုံး နိုင်ငံခြားသုံးငွေ

နိုင်ငံခြားခရီးသွားမယ်ဆိုရင် သွားရောက်တဲ့ ရည်ရွယ်ချက်နှင့်ကိုင်ဆောင် သည့် နိုင်ငံကူးလက်မှတ် အမျိုးအစားပေါ်မူတည်၍ ဗီဇာကြေးပေးသွင်းရပါတယ်။ ဗီဇာဆောင်ရွက်ခငွေပမာဏနဲ့ နေထိုင်ခွင့်ပေးတဲ့ကာလကလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံမတူကြပါ။ ဥပမာ - ထိုင်းနိုင်ငံသို့ ဆေးကုသဖို့သွားရောက်သူအနေနဲ့ Medical Tourist Visa လို့ခေါ်တဲ့ ဆေးဘက်ဆိုင်ရာ ခရီးသွားဗီဇာကိုလျှောက်ထားရပါတယ်။ ဗီဇာကြေးကတော့ တစ်ကြိမ်ဝင်ခွင့် အမေရိကန်ဒေါ်လာ ၄၀ ဖြစ်ပြီး သက်တမ်းကာလ သုံးလပေးထားပါတယ်။ သုံးလအတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီး ဆေးကုသရန် ရက်ချိန်းကြောင့် ထပ်မံသွားရောက်မည်ဆိုပါက ဗီဇာကြေး ထပ်ပေးရမှာဖြစ်ပါတယ်။

အလားတူ ထိုင်းနိုင်ငံမှာ ကျောင်းတက်ဖို့ ကျောင်းသားဗီဇာ (Student Visa) လျှောက်ထားတဲ့အခါမှာလည်း အမေရိကန်ဒေါ်လာ ၆၅ ဒေါ်လာ၊ ယူရို ၆၀ ဝန်းကျင်ခန့်ပေးရမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံသို့ ပညာသင်သွားပါကလည်း ကနဦးသုံးလခန့် ဗီဇာကြေး အမေရိကန်ဒေါ်လာ ၃၈ ဒေါ်လာခန့် ပေးသွင်းရပါတယ်။ ဒါ့အပြင် ဆောင်ငွေနဲ့ အာမခံကြေး၊ ဆေးစစ်မှုခံယူဖို့နဲ့ ကြိုတင်ပေးသွင်းမှုများအတွက် ဆောင်ငွေယွမ် ၅၀၀၀ နဲ့ ညီမျှတဲ့ အမေရိကန်ဒေါ်လာ ၇၀၀ ကျော်ကို ယူဆောင်သွားဖို့လိုပါတယ်။ စင်ကာပူဗီဇာကြေး ကတော့ နိုင်ငံကူးလက်မှတ်နှင့် သွားရောက်မယ့် အကြောင်းအရာများအလိုက် အနည်းဆုံး ၉၉ ဒေါ်လာ မှစပေးရပါတယ်။ လေယာဉ်လက်မှတ်ခကတော့ သွားရောက်မယ့်နိုင်ငံအလိုက် ကွာခြားနိုင်ပြီး အာဆီယံနှင့်အိမ်နီးနားချင်းနိုင်ငံများသို့သွားရောက်ပါက ခရီးအနီးအဝေးနဲ့ လေကြောင်းလိုင်းများပေါ်မူတည်ပြီး ပျမ်းမျှအားဖြင့် အနည်းဆုံးဒေါ်လာ ၁၀၀ ကျော်မှ ၁၀၀၀ ကျော်ခန့်ကုန်ကျနိုင်ပါတယ်။ ဘုရားဖူးခရီးစဉ်များဆိုရင် ၂၀၂၃ ခုနှစ် ဗုဒ္ဓဂယာ ဘုရားဖူးတစ်ဦးရေ

ခုနှစ်	ပညာသင်/ဆေးကု/ဘုရားဖူး/ခရီးသွား/အလုပ်လုပ်ကိုင်	အခြား	စုစုပေါင်း
၂၀၂၂	၅၂၆,၁၉၆	၅၁,၈၆၃	၅၇၈,၀၅၉
၂၀၂၃	၉၁၃,၆၃၁	၈၂,၇၆၁	၉၉၆,၃၉၂
၂၀၂၄(ဇူလိုင်ထိ)	၆၄၅,၃၁၅	၅၆,၀၀၂	၇၀၁,၃၁၇
စုစုပေါင်း	**၂,၀၈၅,၁၄၂**	**၁၉၀,၆၂၆**	**၂,၂၇၅,၇၆၈**

ဇယ်မြစ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အထက်ဖော်ပြပါဇယားတွင်ပါရှိတဲ့ အခြားဆိုတာကို ဘုရားဖူးရက်နဲ့ ခရီးစဉ်ပေါ်မှာမူတည်ပြီး ဒေါ်လာ ၅၀၀၀ ကျော်မှ ဒေါ်လာ ၁၀၀၀ ကြား ကုန်ကျပါတယ်။ ဟင်္ဂါဘုရားဖူးတစ်ဦးစရိတ်မှာ ဒေါ်လာ ၄၀၀၀ ကျော်မှ ၅၀၀၀ ကျော်ထိကုန်ကျပါတယ်။ ဗီဇာကြေး၊ လေယာဉ်ခတွေဟာ ပြည်တွင်းမှာကတည်းက နိုင်ငံခြားငွေသုံးစွဲရတဲ့ စရိတ်တွေဖြစ်ပါတယ်။ ဒီကနဦး နိုင်ငံခြားငွေကုန်ကျစရိတ်တွေကို ခရီးသွားမယ့်သူများကလည်း ရရာနည်းနဲ့ရှာကြသလို ပြင်ပမှာ တရားမဝင်ရောင်းချသူတွေကလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းထက်ပိုပြီး ဈေးနှုန်းတင်ရောင်းချနေကြတာကိုလည်း တွေ့ရပါတယ်။

အလည်အပတ်နဲ့ ဘုရားဖူးခရီးသွားလာမှုများမှာလည်း အနည်းဆုံးတစ်ဦးလျှင် လေယာဉ်လက်မှတ်ခနှင့်နေထိုင်စရိတ်များအပါအဝင် အနည်းဆုံးအမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၆၀၀၀ ကျော်ထိရှိနိုင်ကြောင်း ခန့်မှန်းရရှိပါတယ်။ ပြည်ပတွင်နေထိုင်ရက် ပိုမိုကြာရှည်ပါက ယခုထက်မက ငွေကြေးကုန်ကျနိုင်ပါတယ်။

ဒါ့ပြင် နိုင်ငံတော်ကလည်း အလုပ်လုပ်ကိုင်မည့်သူ၊ ဆေးကုသမည့်သူနဲ့ ပညာသင်သွားရောက်မည့်သူ တစ်ဦးလျှင် ငွေသားအမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀၀ အတွင်း ရောင်းချပေးရတာကြောင့် မသွားခင် သုံးစွဲရတဲ့ကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ ၇၀၀ မှ ၁၅၀၀ အတွင်း အနည်းဆုံးရှိကြောင်း ခန့်မှန်းနိုင်ပါတယ်။ ဒါဟာ တရားဝင်အမေရိကန်ဒေါ်လာ အနည်းဆုံးစီးထွက်မှုများဖြစ်ပါတယ်။

နိုင်ငံခြားရောက်သွားတဲ့အခါ နေထိုင်မှုစရိတ်အတွက် သက်ဆိုင်ရာနိုင်ငံရဲ့ငွေကြေးကို ရှာရပါသေးတယ်။ ဥပမာ - ပညာသင်မယ့်သူက ပညာသင်ထောက်ပံ့ကြေးရရှိပါက သက်ဆိုင်ရာ ပညာသင်ထောက်ပံ့ကြေးပေးတဲ့ အဖွဲ့အစည်း/ တက္ကသိုလ်စရိတ်နဲ့ ကျောင်းတက်နိုင်ပြီး မရပါက နေထိုင်မှုစရိတ်အတွက် သက်ဆိုင်ရာနိုင်ငံမှာ အလုပ်လုပ်ရင်း ရှာဖွေရတာရှိပါတယ်။ နမူနာအားဖြင့် ထိုင်းနိုင်ငံမှာ ပညာသင်တစ်ဦး အခြေခံလိုအပ်တဲ့ နေထိုင်မှုစရိတ်က ကျောင်းလခမပါ လစဉ်အမေရိကန်ဒေါ်လာ ၄၅၃ ဒေါ်လာခန့် ရှိပါတယ်။ ဒီစရိတ်တွေကိုပေးချေဖို့ ပညာသင်စရိတ်နဲ့အလုပ်လုပ်ကိုင်ရင်းရရှိတဲ့စရိတ်လုံလောက်မှုမရှိပါက မိဘ၊ ညီအစ်ကိုမောင်နှမများက နိုင်ငံခြားငွေရောင်းချတဲ့နေရာတွေကနေ တရားဝင်နဲ့ တရားမဝင်တဲ့နည်းလမ်းများနဲ့ရှာဖွေပြီး ပေးပို့ကြရပါတယ်။

အလားတူ ဆေးကုသမှုစရိတ်မှာလည်း သာမန်ဆေးစစ်မှုမှသည် ရောဂါအမျိုးအစားအလိုက် ဆေးကုသည်အထိ ဆေးကုသစရိတ်များကွာခြားမှုရှိပါတယ်။ ထိုင်းနိုင်ငံမှာ ဆရာဝန်စမ်းသပ်ခအနေနဲ့ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံနှင့် ရောဂါအမျိုးအစားပေါ် မူတည်ပြီး ဘတ် ၇၀၀ မှ ၃၀၀၀၊ အမေရိကန်ဒေါ်လာအားဖြင့် ၂၂ ဒေါ်လာမှ ၉၄ ဒေါ်လာထိရှိပြီး အစိုးရဆေးရုံများမှာ ဘတ် ၂၀၀ မှ ၅၀၀၀၊ အမေရိကန်ဒေါ်လာအားဖြင့် ၆ ဒေါ်လာမှ ၁၆ ဒေါ်လာထိရှိကြောင်းတွေ့ရပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးကို CT Scan ရိုက်ပါက အနည်းဆုံးအမေရိကန်ဒေါ်လာ ၇၀၀ မှ ၇၈၀ အတွင်း ကုန်ကျကြောင်းတွေ့ရပါတယ်။ ဒါကြောင့် ပြည်ပမှာသွားရောက်ပြီးဆေးစစ်မယ်ဆိုရင် အနည်းဆုံးသုံးစွဲရမယ့် စရိတ်က ဒေါ်လာ ၁၀၀၀ အထက် အထိရှိနိုင်ပါတယ်။

ယခုခန့်မှန်းရရှိတဲ့ အနည်းဆုံးကုန်ကျစရိတ်အမေရိကန်ဒေါ်လာ ၁၀၀၀ ကို ပြည်ပသို့ ထွက်ခွာနေတဲ့ လူဦးရေ (ရှေ့မှာဖော်ပြခဲ့တဲ့ ပြည်ပသို့ ခရီးသွားရောက်တဲ့

စာမျက်နှာ ၁၄ သို့ ●

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီအစည်းအဝေး(၃/၂၀၂၄)ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈



မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အစည်းအဝေး(၃/၂၀၂၄) မြန်မာအမျိုးသားဝတ်စုံမှန်နှင့် မြန်မာအမျိုးသမီးဝတ်စုံတို့အား ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းနိုင်ရန် မြန်မာအမျိုးသား၊ အမျိုးသမီးဝတ်စုံသတ်မှတ်နိုင်ရေးအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းအဖွဲ့ဝင် အလုပ်အမှုဆောင် ဒေါက်တာခန့္ဒာမွန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင် အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွှန့်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက တိုင်းရင်းသားဝတ်စုံနှင့်ပတ်သက်၍ လွဲမှားမှုမရှိစေရန် ဝတ်စုံများ၏ မူလဇာစ်မြစ်ကိုပါ လေ့လာစိစစ်တင်ပြရန်အတွက် **"တီထွင်မှုသည် ရိုးရာကိုမကျော်ရန်"** ဆိုသည့် **"မူဝါဒ"** ဖြင့်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီကို ဖွဲ့စည်းရခြင်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားဝတ်စုံမှန်သတ်မှတ်နိုင်ရေးအတွက် သမိုင်းမှတ်တမ်းအထောက်အထားများ၊ မြေပြင်ကွင်းဆင်းလေ့လာ မှတ်တမ်းပြုချက်များ၊ သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်သွားရန်၊ မြန်မာတိုင်းရင်းသားဝတ်စုံနှင့်စပ်လျဉ်း၍ နေ့စဉ်သုံးနှင့်အခမ်းအနားခွဲခြားသတ်မှတ်ရန်၊ တိုင်းရင်းသားဝတ်စုံများကို မူပိုင်ခွင့်သတ်မှတ်ရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေများ သတ်မှတ်သွားရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အတွင်းရေးမှူးက တိုင်းရင်းသားဝတ်စုံများသတ်မှတ်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်အလုပ်အကိုင်ဆိုင်ရာသင်တန်းနှင့် ဂဟေလုပ်သားကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နေမှုကို ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၈

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် တောင်ဒဂုံမြို့နယ်ရှိ Arbourfield Assessment Center ၌ ဂဟေလုပ်သား Level-1၊ Level-2 အလုပ်အကိုင် အကျိုးကျေးဇူးများ ရည်ရွယ်ချက်နှင့်အညီ ဖွင့်လှစ်ပို့ချနေမှုကို သွားရောက်အားပေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဤသင်တန်းသည် ဂဟေလုပ်သားများ အကိုင်နှင့်ပတ်သက်၍ သင်တန်းများ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အကဲဖြတ်ရေးဌာနများ တည်ထောင်၍ မှာကြားခဲ့ကြောင်း (၅၀၀)

● စာမျက်နှာ ၁၃ မှအဆက်

ဇယားရှိအခြားစာရင်းမပါနှင့်တွက်ချက်ကြည့်ပါက အနည်းဆုံး နိုင်ငံခြားငွေစီးထွက်မှုမှာ နှစ်စဉ်ဒေါ်လာသန်း ၁၀၀၀ နီးပါးရှိတယ်လို့ ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ အကြောင်းအရာပေါ်မူတည်ပြီး ဒီထက်လည်းပိုနိုင်ပါတယ်။

တရားမဝင်စီးထွက်နိုင်တဲ့ ခန့်မှန်းချက်များ

တရားမဝင်စီးထွက်နိုင်တဲ့ကဏ္ဍများအနက်မှအာမခံကဏ္ဍမှာ နိုင်ငံခြားငွေနဲ့ပေးချေရတဲ့ အာမခံထားသူတွေဟာ မြန်မာ့အာမခံလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားအာမခံကုမ္ပဏီများထံသို့ ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံခြားအာမခံကုမ္ပဏီသို့ တိုက်ရိုက်ချိတ်ဆက်ပြီး အာမခံထားရှိနေကြတဲ့အတွက် တရားဝင်နည်းလမ်းနဲ့မဟုတ်ဘဲ ပြည်ပကို နိုင်ငံခြားငွေတရားမဝင်စီးဆင်းမှုတွေရှိနေပါတယ်။

ခရီးသွားအာမခံမှာလည်း အချို့သောသံရုံးများက နိုင်ငံခြားအာမခံကုမ္ပဏီတွေရဲ့ ကျန်းမာရေးအာမခံနဲ့ ခရီးသွားအာမခံတွေကိုသာ လက်ခံတဲ့အတွက် ဒီလိုအခြေအနေမျိုးနဲ့လည်း နိုင်ငံခြားငွေများ ပြည်ပသို့ စီးဆင်းမှုများရှိနေပါတယ်။

ယေဘုယျအနေနဲ့ကြည့်မယ်ဆို ခရီးသွားကာလပေါ်မူတည်ပြီးတော့ ခရီးသွားကုမ္ပဏီတစ်ခုလျှင် ပြည်ပသွားရောက်တဲ့ ခရီးသွားဦးရေဟာ တစ်လလျှင် လူဦးရေ ၃၀ မှ ၅၀ အကြားရှိတဲ့အတွက် တစ်ဦးလျှင် အာမခံကြေး အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာနဲ့ တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် ခရီးသွားကုမ္ပဏီတစ်ခုကနေပြီး အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျော် ပြည်ပသို့ စီးဆင်းလျက်ရှိနေပါတယ်။ လက်ရှိရန်ကုန်တိုင်းဒေသကြီးမှာ ခရီးသွားကုမ္ပဏီ ၂၈၆၂ ခုရှိတဲ့အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၈ သန်းခန့် ပြည်ပသို့ စီးဆင်းနိုင်ခြေရှိကြောင်း ခန့်မှန်းနိုင်ပါတယ်။

ဒါ့အပြင် ကုန်ပစ္စည်းအရောင်းအဝယ်လုပ်ငန်းတွေမှာ သတ်မှတ်ရက်အတွင်း ဝယ်သူကငွေပေးချေနိုင်ခြင်း မရှိတဲ့အခါ ကုစားပေးနိုင်မယ့် ပို့ကုန်/ သွင်းကုန် လုပ်ငန်းများအတွက်ထားရှိတဲ့ Trade Credit Insurance အမျိုးအစားကိုလည်း နိုင်ငံခြားကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နေခြင်းများလည်းရှိနေပါတယ်။

ကုန်စည်ပို့ဆောင်သူများ တာဝန်ယူမှုအာမခံ (Freight Forwarders Liability Insurance) နဲ့ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှုအာမခံ (Multi-modal Transport Operator Liability Insurance) တွင်လည်း လုပ်ငန်းဆောင်ရွက်နေတဲ့ သဘော်ဘာလိုင်းများ၊ ကုမ္ပဏီများ ၅၇ ခုရှိတဲ့အနက် နိုင်ငံခြား အာမခံကုမ္ပဏီများတွင် တိုက်ရိုက်အာမခံထားရှိတဲ့ ကုမ္ပဏီ ၅၀ ကျော်ရှိတဲ့အတွက် နိုင်ငံခြားငွေယိုစိမ့်မှုတွေရှိနေနိုင်ပါတယ်။

သဘော်ဘာပိုင်ရှင်တွေအတွက် အကာအကွယ်နဲ့ လျော်ကြေးအာမခံ (Protection & Indemnity (P&I) Insurance) ကို နိုင်ငံတကာရေပိုင်နက်တွင် တွေ့ကြုံရနိုင်တဲ့အန္တရာယ်များအတွက် အာမခံအကာအကွယ် ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်တဲ့ နိုင်ငံခြားအာမခံကုမ္ပဏီများနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး နိုင်ငံခြားငွေပေးချေခြင်းတွေလည်းရှိနေပါတယ်။

အလားတူပင် မီးတစ်ဆင့်အာမခံအမျိုးအစားလက်ခံဆောင်ရွက်မှုအပိုင်းမှာလည်း ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းတွင်ပင်လျှင် စက်ရုံ အလုပ်ရုံပေါင်း ၈၀၆၃ ခန့် ရှိတဲ့အနက် မြန်မာနိုင်ငံရှိအာမခံကုမ္ပဏီများကတစ်ဆင့် နိုင်ငံခြား အာမခံကုမ္ပဏီများမှာ တစ်ဆင့်အာမခံထားရှိသည့် စက်ရုံအရေအတွက်ဟာ ၆၈၃ ခုသာရှိတဲ့အတွက် ပြည်တွင်းသို့ စီးဆင်းတဲ့ နိုင်ငံခြားငွေဟာ ၈ ရာခိုင်နှုန်းခန့်သာရှိပြီး ကျန် ၉၂ ရာခိုင်နှုန်းဟာ နိုင်ငံခြားအာမခံကုမ္ပဏီများနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး နိုင်ငံခြားငွေပေးချေခြင်းများကို ဆောင်ရွက်နေနိုင်ခြေရှိပါတယ်။

ဟွန်ဒိုနဲ့ တရားမဝင်နည်းလမ်းကနေ ငွေလွှဲတာတွေ အိမ်ခြံမြေပွဲစားများရဲ့အကူအညီနဲ့ နိုင်ငံရပ်ခြားမှာ တိုက်ခန်းများ၊ ကွန်ဒိုများဝယ်ယူခြင်း၊ အိမ်မိနီးချင်း နိုင်ငံများနှင့်ရွှေအရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ကြခြင်း စတဲ့လုပ်ငန်းများ၊ တရားမဝင်လောင်းကစားလုပ်ငန်းများမှလည်း နိုင်ငံခြားငွေစီးဝင်/စီးထွက်မှုများလည်း ရှိနေပါတယ်။

နိုင်ငံရပ်ခြားမှ ကုန်စည်ပစ္စည်းတွေကိုဝယ်ယူရာမှာ ဟွန်ဒီလိုတရားမဝင်ငွေလွှဲဆောင်ရွက်တဲ့ကြားခံဆောင်ရွက်ပေးသူတွေကတစ်ဆင့် ဝယ်ယူတာတွေကိုလည်း ရှောင်ရှားဖို့လိုပါတယ်။

နိုင်ငံခြားငွေတိုးတက်ရရှိရေး၊ ဝင်ငွေသုံးငွေမျှတရေးနှင့်နိုင်ငံခြားငွေယိုစိမ့်မှုများလျှော့ချရေး

ပြည်ပနိုင်ငံကြီးများမှ မိမိတို့နိုင်ငံရဲ့ စီးပွားရေးကိုနည်းလမ်းမျိုးစုံဖြင့် ပိတ်ဆို့ မှုများကြောင့် ပြည်တွင်းသို့ စီးဝင်လာနိုင်တဲ့ငွေကြေးများမှာ စီးဝင်ရန် အကန့်အသတ်ဖြစ်ပေါ်နေပါတယ်။ ဒါ့ကြောင့် နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်မယ့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်နိုင်ရေး၊ လွှဲပို့ငွေများတရားဝင်စီးဝင်မှုပိုမိုစေရေး၊ တရားမဝင်ကုန်သွယ်မှုများလျှော့ချရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်ရရှိရေးတို့ကို ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

ဝင်ငွေနဲ့အသုံးစရိတ်မျှတဖို့ဆိုရင် ဝင်ငွေတိုးတက်မှုများတာဝန်ပေးအပ်ကာ ဘဏ္ဍာရေးနှစ်အလိုက် စစ်ဆေးအကဲဖြတ်မှုများဆောင်ရွက်ပေးခဲ့ကြောင်း။

ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်တည်းခိုချိန်တွင် ဟိုတယ်အသီးသီးရှိ လုပ်သားများအနေဖြင့် မိမိတို့၏ကျွမ်းကျင်မှုများကို အကောင်းဆုံးပြသရန်လိုကြောင်း

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ





နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် နိုင်ငံဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများက လူကိုယ်တိုင်နှင့် Online တို့ဖြင့် တက်ရောက်ကြသည်။

ဦးစွာဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများက တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အဂတိလိုက်စားမှုမြောက်နိုင်သော ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့်အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ကြောင်း။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အများပြည်သူကို တိုက်ရိုက်ဝန်ဆောင်မှုပေးနေသည့် ဌာနအဖွဲ့အစည်းများဖြစ်သည့်အတွက် အများပြည်သူကိုအပြည့်အဝဝန်ဆောင်မှုပေးရန်နှင့် အဂတိလိုက်စားမှုကင်းစင်ရေး ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူ/တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအေးမင်းသောင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ကော်မရှင်အဖွဲ့ဝင်ဦးမောင်မောင်တင့်ဦးဆောင်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၅၀၀)

နေပြည်တော်အတွင်း စားအုန်းဆီနှင့် စက်မှုကုန်ကြမ်းဆီများ ဈေးကစားမှုမရှိစေရေးနှင့် မြေပဲ၊ နှမ်း၊ နေကြာဆီများ တိုးချဲ့ထုတ်လုပ်ရောင်းချနိုင်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စားအုန်းဆီနှင့် စက်မှုကုန်ကြမ်းဆီများ ဈေးကစားမှုမရှိစေရေးနှင့် မြေပဲ၊ နှမ်း၊ နေကြာဆီများ တိုးချဲ့ထုတ်လုပ်ရောင်းချနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက အမှာစကားပြောကြားရာတွင် စပါးအပါအဝင် ဆီထွက်သီးနှံများကို တစ်ဇက ပန်းတိုင်အထွက်နှုန်းရရှိစေရေး အတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းစနစ်များကို လစ်ဟာမှုမရှိ စနစ်တကျလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားများတိုးတက်လာစေရေးတို့ကိုအလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ သီးနှံများ လျာထားချက်အတိုင်း အထွက်နှုန်းကောင်းမွန်စွာထွက်ရှိရေး၊ ရိတ်သိမ်းပြီး ထားသိုထိန်းသိမ်းမှုများ၊ အခြောက်ခံမှုများကို လေလွင့်မှုမရှိစေရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် နေပြည်တော်ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာတို့အား စက်စွမ်းအားပြည့်ကြိတ်ခွဲထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စားသုံးဆီ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊



ကျန်းမာရေးနှင့် ညီညွတ်သော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို အခြေခံလူတန်းစားအပါအဝင် စားသုံးသူအားလုံး ဝယ်ယူစားသုံးနိုင်ရေးနှင့် ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျော့ချနိုင်ရေး တို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်စီးပွားရေးလုပ်ငန်းရှင်များက အထူးဇုန်နှင့် ဇုန်ပြင်ပ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ စက်မှုမှတ်ပုံတင်လုပ်ငန်းများ၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ စားသုံးဆီကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မှုအခြေအနေများ၊ အသေးစားဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ FDA ထောက်ခံချက်လျှောက်ထားမှုပုံစံအဆင့်ဆင့်များ၊ ဆီထွက်သီးနှံကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများ စနစ်တကျ ဖွဲ့စည်းတည်ဆောက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ဆောင်ရွက်မှုများ၊ မြေပဲ၊ နှမ်း၊ နေကြာဆီများ တိုးချဲ့ထုတ်လုပ်ရောင်းချမှု လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ထွန်းထွန်းဝင်း(ပြန်/ဆက်)

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၈

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“လှပသာယာ ပြည်မြန်မာ”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့်ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့်မိဒီယိုများ၌အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၇၄၂၊ ၀၁-၈၃၈၄၈၃၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စ မာကျားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်း လက်ခံတွေ့ဆုံ



နေပြည်တော် သြဂုတ် ၂၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား သင်တန်းနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဖြူးနှင့် ညောင်လေးပင်မြို့နယ်တို့ရှိ စိုက်ပျိုးရေးသမဝါယမအသင်းများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံ

နေပြည်တော် သြဂုတ် ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ လူငယ်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အသင်းပိုင်လယ်ယာများတွင် မိုးစပါးစိုက်ဧက ၅၀၀ မှ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ဧက ၂၅၀ တွင် ဆင်းသုခနှင့် GW-11 စပါးမျိုးများ မျိုးစပါးထုတ်လုပ်နေမှုကိုအောင်မြင်အောင် ဆောင်ရွက်ကြရေး၊ အသင်းပိုင်ဆန်စက်အား စွမ်းအားပြည့် ကြိတ်ခွဲလည်ပတ်နိုင်ရေး၊ ဒေသနွားမွေးမြူရေးလုပ်ငန်းကို ဆက်လက်တိုးချဲ့မွေးမြူသွားရေး ဆွေးနွေးမှာကြားသည်။

ထို့အတူ ညောင်လေးပင်မြို့နယ် ရဲနွယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ မိုးစပါး စိုက်ဧက ၄၄၉ ဧက စိုက်ပျိုးနေကြသော အသင်းသားတောင်သူများနှင့်တွေ့ဆုံသည်။

ယင်းနောက် သမဝါယမအသင်းများမှ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် အသင်းသားများ ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများက ယုံကြည်အားထားရသော ကုန်ထုတ်၊ ကုန်သွယ်သမဝါယမအသင်းများဖြစ်အောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)



မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅.၄	/	၃၀.၆.၄
ရန်ကုန်	၂၃.၄	/	၃၂.၃.၄
မန္တလေး	၂၆.၄	/	၃၄.၆.၄

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန် ရေချိုကို ချွေတာကြပါစို့

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ(၂၀၂၃) ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ





နေပြည်တော် သြဂုတ် ၂၈

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual စနစ်ဖြင့်တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအဖွဲ့ဝင်များ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(မြန်မာ)မှကိုယ်စားလှယ်များ၊ စားသောက်ကုန်လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်၍ လုပ်ငန်းများကို ထိထိရောက်ရောက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေး မူဝါဒ၊ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်ကို ၂၀၁၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း၊ မူဝါဒရည်မှန်းချက်အနေဖြင့် ၂၀၁၂ ခုနှစ် စွမ်းအင်သုံးစွဲမှုကိုအခြေခံပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းလျှော့ချနိုင်ရန် ရည်ရွယ်ထားကြောင်း၊ ကမ္ဘာ့ရည်မှန်းချက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် (၇) (Global Sustainable Development Goal 7) ၏ အဓိကရည်ရွယ်ချက် (၃)ရပ်အနက် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို နှစ်ဆတိုးမြှင့်ရမည်ဟု သတ်မှတ်ထားကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးက အစားအသောက်ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေးအတွက် အမျိုးသားအဆင့်အတိုင်ပင်ခံကိုယ်စားလှယ်က အစားအသောက်ထုတ်လုပ်မှုကဏ္ဍ၌ စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲမှုနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ အစားအသောက် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုယ်စားလှယ်က အစားအသောက်ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ရှုထောင့်အမြင်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်းနှင့် စွမ်းအင်အကျိုးရှိထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများချမှတ်ခြင်းတို့ကို ဆောင်ရွက်၍ ဆွေးနွေးပွဲကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

မြန်မာ့ပဲပုပ်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ သုတေသီများ တောင်သူများနှင့်ကဏ္ဍစုံမှသက်ဆိုင်သူများတက်ရောက်ဆွေးနွေး



နေပြည်တော် သြဂုတ် ၂၈

မြန်မာ့ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ် ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပြီး တိုင်းဒေသကြီးပြည်နယ်များမှ ကိုယ်စားလှယ်များက Online မှ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်းပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ယခုကျင်းပသည့် မြန်မာ့ပဲပုပ်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်းများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

အဆိုပါအထူးရန်ပုံငွေဖြင့် “စပါးရိတ်သိမ်းအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား မြှင့်တင်ခြင်း” စီမံကိန်းကို ၂၀၂၄-၂၀၂၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးဆီထုတ်လုပ်မှုသာမက အထွက်နှုန်းတည်ငြိမ်ကာ ဒေသမရွေး စိုက်ပျိုးနိုင်သည့် အထွက်ကောင်းမျိုးရေဆင်း-၁၅ ပဲပုပ်မျိုးကို တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက မြန်မာ့ပဲပုပ်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍တင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသည့် သုတေသီများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးပွဲခေတ္တရပ်နားချိန်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသုတေသနဌာနစု၊ ပဲပုပ်သီးနှံသုတေသနဌာနသို့ သွားရောက်လေ့လာခဲ့ကြသည်။

ရှမ်းပြည်နယ်၌ ပဲပုပ်သီးနှံကို မိုးရာသီတွင် အဓိကစိုက်ပျိုးပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ မြစ်ရေကျချိန်တွင်လည်းကောင်း၊ မိုးနှောင်းသီးနှံအဖြစ် ရှမ်း၊ ကချင်၊ မွန် နှင့် ကရင်ပြည်နယ်တို့တွင် စပါးရိတ်သိမ်းအပြီး တွင်လည်းကောင်း ပဲပုပ်သီးနှံစိုက်ပျိုးကြကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ဧကာ၏ ၃၀ ရာခိုင်နှုန်း၊ မိုးနှောင်းနှင့် ဆောင်းသီးနှံစိုက်ဧကာ၏ ၇၀ ရာခိုင်နှုန်း စိုက်ပျိုးခဲ့သဖြင့် တစ်နိုင်ငံလုံး၌ စုစုပေါင်း ပဲပုပ်ဧက ၃ ဒသမ ၄ သန်း စိုက်ပျိုးခဲ့ကြောင်း၊ တန်ချိန် ၅ ဒသမ ၈ သန်းကျော် စိုက်ပျိုးထုတ်လုပ်ထွက်ရှိပြီး ပြည်ပသို့ မက်ထရစ်တန် ၆၀၀၀ ကျော် တင်ပို့လျက်ရှိကြောင်းသိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အဆောက်အအုံဆောက်လုပ်ပြီးစီးမှုနှင့် တက္ကသိုလ်ရာပြည့်အခမ်းအနားကျင်းပရန် အကြိုပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေဆင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှု တမံကြွံခိုင်မှုနှင့် ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ရေဆင်းရေလှောင်တမံ အနေဖြင့် ကန်ရေပြည့် ရေလှောင်ပမာဏ ဂုဝ၀၀ ဧကပေ သိုလှောင်နိုင်ပြီး ဩဂုတ်လ ၂၇ ရက် နေ့အထိ ရေဧကပေ ၄၆၂၀၀ ရှိသဖြင့် ၆၃ ရာခိုင်နှုန်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိသော မိုးရာသီကာလ ရေဝင်ရောက်နိုင်မှုအခြေအနေအား ၁၀၀ နှစ်တာကာလ ပျမ်းမျှဖြင့် တွက်ချက်၍ မြို့ပြသုံးရေထုတ်ယူသုံးစွဲမှု၊ အင်ဂျင်နီယာဆိုးရှုံးမှုနှင့် စိုက်ပျိုးရေးဝေးဝေမှုတို့ကို ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေသောက်ဧရိယာများမှ နွေစပါးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် သြဂုတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့်အတူ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်သူများ နေ့စဉ်စားသောက်သုံးစွဲနေရသည့်အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်/ လူသုံးကုန်ပစ္စည်းများ၏အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို တာဝန်ယူဆောင်ရွက်ရသည့် အတွက် အလွန်တာဝန်ကြီးကြောင်း၊ ဆေးဝါးနှင့်ကာကွယ်ဆေးများ စိစစ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ လူစွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဓာတ်ခွဲခန်းများနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက်ဒုတိယဝန်ကြီးက ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ (MSMEs)နှင့် စပ်လျဉ်းသည့် စားသောက်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဌာန၏လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း/စစ်ဆေးရေး)မှ ဦးစီးဌာန၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လ အထိလုပ်ငန်းဆောင်ရွက်မှုကို တင်ပြခြင်း၊ ညွှန်ကြားရေးမှူး(စီမံ)မှ အဆင့်မြင့်ဓာတ်ခွဲခန်း(B) ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြခြင်း၊ ညွှန်ကြားရေးမှူး(ဆေးဝါး)မှဆေးဝါးဌာန၏ လုပ်ငန်းလက်ကျန်များလျော့ချရေး စီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို ရင်းနှီးစွာလက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အဆင့်မြင့်ဓာတ်ခွဲခန်း(A) နှင့် (B) ဆောက်လုပ်ပြီးစီး၍ အသုံးပြုနေမှုအခြေအနေများ၊ ဧဝံစံဓာတ်ခွဲခန်းနှင့် ဆေးဝါးဌာနခွဲတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် သြဂုတ် ၂၈

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/၈၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Country sees over 47,000 private industries registered by mid-2024

NAY PYI TAW August 28

More than 47,000 private industries are legally registered and operating in the country as of the end of July of the 2024-2025 FY, according to information from the Ministry of Industry.

According to the developing business conditions, domestic private industries have also started to develop. Therefore, the Directorate of Industrial Supervision and Inspection under the Ministry of Industry has registered private industries in the country in order to further develop these private industries, enable them to operate systematically, and provide necessary assistance.

In doing so, there were only 43,359 private industries that were officially registered in the 2013-2014 FY and it was increased to 47,984 until the end of July of the 2024-2025 FY.

Currently, there are 47,984 private industries in the country, and Yangon Region has the largest number of private industries with 8,063, followed by Mandalay Region and Ayeyawady Region. Kayah State has the least amount of private industry activity with only 277 private industries operating in the state.

SK



Bamauk Township finishes cultivation of monsoon paddy this year



BAMAUK August 28

Statistics of Katha District Agriculture Department mentioned that a total of 14,030 acres of monsoon paddy has been cultivated in Bamauk Township of Sagaing Region this monsoon.

In 2024-2025 monsoon cultivation season, local farmers planted 14,030 acres of monsoon paddy against the target of 38,857 acres in Bamauk Township.

U Myint Soe, Head of Katha District Agriculture Department said: "We planned to grow more than 30,000 acres of monsoon paddy in Bamauk Township this year but local farmers planted over 10,000 acres of monsoon paddy. Our department supports local farmers to meet the target cultivation with the help of agricultural techniques and inputs. Moreover, officials make field trips to farmlands for urging local farmers to grow paddy in time."

Officials of relevant agricultural departments and local farmers cooperate with each other in systematically growing monsoon paddy without difficulties.

Agricultural staff of Bamauk Township provide agricultural techniques and awareness to prevent pests and minimize loss and waste of harvested paddy to be kept under shelter in time.

Official of Bamauk Township Agriculture Department join hands with local farmers in selecting quality strains of crops, prevention of pests, weeding of farmlands and systematic use of fertilizers.

SK

Yinmabin District cultivates over 51,000 acres of rain-fed rice

YINMABIN August 28

A total of 51,252 acres of rain-fed rice have been planted during this year's rain crop planting season in Yinmabin District, Sagaing Region, according to statistics from the Department of Agriculture in Yinmabin District.

During the 2024-2025 rain crops planting season, 103,400 acres of rain-fed rice are planned to be planted in this Yinmabin district, and 51,252 acres have been planted since June this year.

"We are providing the necessary technology and seedlings to reach the target of rain-fed rice. We are conducting fieldwork so that farmers can plant rain-fed rice on time," said Daw Myat Moe Win, head of the Department of Agriculture in Yinmabin District.

Rain-fed rice cultivation by townships is as per following: 18,105 acres in Yinmabin Township, 11,156 acres in Kani Township, 883 acres in Salingyi Township, and 21,108 acres in Pale Township.

During the 2024-2025 rain crops planting season, the township allocation for rain-fed rice cultivation in Yinmabin District is as per following: 30,000 acres in Yinmabin Township, 23,285 acres in Kani Township, 4,415 acres in Salingyi Township, and 45,700 acres in Pale Township.

SMK

Bhamo Township cultivates 462 acres of rain-fed oilseed crops

BHAMO August 28

A total of 462 acres of oilseed crops have been planted in Bhamo Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Katha District.

During the 2024-2025 rain crops planting season, 480 acres of oilseed crops are planned to be planted in Bhamo Township, and 462 acres have been planted since May of this year.

"We are working to reach the target area. As for oilseeds, we are in a successful position," said U Myint Soe, head of the Department of Agriculture for Katha District.

According to reports, 378 acres of peanuts and 84 acres of sesame have been planted in Bhamo Township.

In the 2024-2025 rain crops planting season, 387 acres peanuts and 93 acres of sesame are earmarked for oil crops in Bhamo Township.

This year, the township's Department of Agriculture has been providing knowledge to farmers in Bhamo Township on how to expand acreage, how to grow using GAP methods, how to grow good varieties, and how to grow varieties with good yields.

SK

Pilgrims flock to ancient Buddha's footprint in Hlegu Township of Yangon Region

HLEGU August 28

The ancient Buddha's footprint in Hlegu Township, Yangon Region, has become famous this year, and many pilgrims have visited there, according to an official from the Hlegu Township News Group.

There are currently some pilgrims visiting the ancient Buddha's footprint on a mountain near Kanni village, Sarbutaung village-tract in Hlegu Township, through the pilgrimage packages offered by some travel companies, as well as those who visit on their own.

"It's more popular, and it's quite famous now. It's crowded. We heard that wishes made with resolution have been fulfilled. People from around Yangon and the surrounding areas come to visit," he said.

After visiting the site on Myanmar's New Year in April, writer and historian U Bone Tint Kyaw commented that spirals on the toes looked like delicate conch shells made in the Pyu era because the sizes of the toes were not the same as the big toe to the little toe. In contrast, they were usually the same in the later Bagan era.

The Buddha's marks made with sandstone were abraded, and a similar footprint was found in the ancient Pyu City of Ingapu Township, Ayeyawady Region. Therefore, U Bone Tint Kyaw suggested that this sculpture was a Pyu-era work, dating back over 1,200-2,000 years ago.

Some scholars remarked it could be a work in the Nyaungyan or Inwa era. Nevertheless, they unanimously say that it is an ancient Buddha's footprint sculpture, so it should be preserved. He also noted that the location of the footprint, which is a valuable ancient work, is easily accessible by road. **SK**

Ayeyawady Investment Committee approves 8 projects in April - August

PATHEIN August 28

Ayeyawady Region Investment Committee (ARIC) greenlit two foreign enterprises and six domestic projects made by Myanmar citizens with an estimated capital of US$-5.6 million and Ks-20.8 billion in April-August of the current financial year, creating 1,382 jobs for locals, according to ARIC Director U Thet Paing.

The region is suitable for agro-based industries, attracting domestic and foreign investors.

Moreover, some investors eye cutting, making and packing (CMP) garment businesses and service sectors in the region.

The committee is exerting continuous efforts to spur investments, support existing businesses, entice new investors, increase job opportunities in the region, enhance the socio-economy of the local community, and endorse businesses that are in line with rules and regulations. **SMK**



Farmers in Kalewa Township plant more than 600 acres of green gram



KALEWA August 28

Based on data of Kalewa Township Agriculture Department, local farmers have planted 635 acres of monsoon green gram in the township of Sagaing Region this monsoon.

In 2024-2025 monsoon season, local authorities earmarked cultivation of 682 acres of monsoon green gram but local farmers started cultivation of monsoon green gram on 635 acres of cropland in May 2024.

U Myo Naing, Head of Kalewa Township Agriculture Department commented: "This year, local authorities scheduled for growing 682 acres of monsoon green gram but local farmers have planted 635 acres of crops so far. Hence, we are striving for meeting the target cultivation. We raised farmers' awareness to expand sown acreage of crops and use of quality strains for boosting per-acre yield."

This year, the Township Agriculture Department help local farmers seek quality strains of crops, apply agricultural techniques, prevent pests and systematically use fertilizers.

Moreover, officials of the Township Agriculture Department cooperate with local farmers for distribution of quality strains of crops, agricultural inputs and post-harvest technology. **SMK**

More than 30,000 acres of pigeon pea planted in Budalin Township

BUDALIN August 28

Local farmers planted 31,438 acres of pigeon pea in Budalin Township of Sagaing Region this monsoon, according to the statistics of Budalin Township Agriculture Department.

In 2024-2025 monsoon season, the township earmarked 34,500 acres of pigeon pea in Budalin Township but local farmers have planted 31,438 acres of pigeon pea so far.

U Phyo Wai, Head of Budalin Township Agriculture Department clarified: "We planned to grow more than 30,000 acres of pigeon pea this monsoon. We help local farmers boost per-acre yield of crops. Local farmers grow pigeon pea separately as well as cultivate it as mixed-crop."

This year, the township Agriculture Department provides local farmers with quality strains of crops, agricultural techniques, prevention of pests and boosting per-acre yield of crops.

Budalin Township Agriculture Department shares technologies with local farmers to make fertilizers and pesticides in order to cut costs for these inputs. **SK**

Kyaiklat Township ships 85,000 viss of sturgeon to Yangon market

KYAIKLAT August 28

"Businesspersons in fishery sector of Kyaiklat Township of Ayeyawady Region sent 85,000 viss of sturgeon to Yangon market," said Daw Win Maw, owner of fishery product depot in Kyaiklat.

Kyaiklat Township sent 70,000 viss of sturgeon to Yangon market in June, compared to 85,000 viss in July. High demand from traders in Yangon market encourages local fishermen and businesspersons to increase dispatching of fishing stocks.

"At present, price of sturgeon is higher because inflow of stock is low to our brokerage. Moreover, demand from Yangon market is high to purchase sturgeon from our township. The trend of high demand for buying sturgeon has been since the first week of July. So, the volume of fish dispatched in July is higher than that of May and June," said Daw Win Maw.

Businesspersons from Kyaiklat Township purchase fishery products from local fishermen and then sent it to Yangon market. **SMK**

Israeli airstrike kills 8 Palestinians in central Gaza

GAZA August 28

At least eight Palestinians were killed and dozens of others wounded in an Israeli airstrike near a school with displaced people in the central Gaza Strip, Palestinian security and medical sources said Wednesday.

An Israeli warplane bombed with at least one missile in the vicinity of Al-Manfalouti School east of the city of Deir al-Balah, Palestinian security sources told Xinhua.

Meanwhile, the Israel Defence Forces said in a statement that the Israeli army has been operating in the Netzarim Corridor in recent weeks, having killed dozens of militants and dismantled hundreds of infrastructure.

Israel has been launching a large-scale offensive against Hamas in Gaza to retaliate against a Hamas rampage through the southern Israeli border on October 7, 2023, during which about 1,200 people were killed and about 250 taken hostage.


Israeli airstrike kills 8 Palestinians in central Gaza.

During the past 24 hours, the Israeli military killed 58 people and wounded 131 others, bringing the total death toll to 40,534 and injuries to 93,778 since the onset of the Palestinian-Israeli conflict, Gaza-based health authorities said in a statement on Wednesday.

Xinhua

Russia says defused unexploded munition near Kursk Nuclear Plant

MOSCOW August 28

Russian National Guard (Rosgvardiya) troops have defused an unexploded HIMARS cluster munition near the Kursk Nuclear Power Plant.

"Upon arrival the Rosgvardiya officers discovered a missile fragment filled with 180 unexploded strike elements," according to a Rosgvardiya statement on Wednesday, adding that the munition was found 5 kilometers from the Kursk plant.

Russian forces successfully neutralized the munition while observing safety measures, it said.

HIMARS is a U.S.-developed light multiple rocket launcher.

Russia and Ukraine have traded blame for endangering nuclear security since Ukraine launched an offensive into Russia's Kursk region on August 6.

Director General of the International Atomic Energy Agency Rafael Grossi visited the Kursk nuclear power plant on Tuesday. He noted the risk of a nuclear incident in Russia's Kursk region while adding that the plant is operating normally under the current circumstances.

Xinhua

Man dies after tree falls on car amid severe winds in southeastern Australia

SYDNEY August 28

A man has died and a woman has been flown to hospital after a tree fell on their car in the Australian state of Victoria on Wednesday amid severe winds.

Victoria Police said in a statement on Wednesday that emergency services were called to Gellibrand, a town approximately 150 kilometers southwest of Melbourne, after a tree fell onto the car, trapping both occupants.

Police said the male driver of the car died at the scene and the female passenger has been airlifted to hospital in a critical condition.

"Both are yet to be formally identified and the exact circumstances surrounding the incident are being investigated," said the police.

The vehicle was traveling along Gellibrand's Main Road around 1:30 p.m. local time when the tree fell as damaging winds exceeding 100 kilometers per hour swept across the state.

The State Emergency Service in Victoria responded to over 1,000 requests for help in the 24 hours to Wednesday afternoon, 800 of them related to fallen trees.

In the city of Dandenong southeast of Melbourne, a woman was rescued from her caravan after a tree fell on it and trapped her.

Xinhua

Major grass fire under control after threatening homes in southwest Sydney


Major grass fire under control after threatening homes in southwest Sydney.

SYDNEY August 28

A large grass fire that broke out on Wednesday in southwestern Sydney in Australia's state of New South Wales (NSW) and had threatened homes around the area has been put under control by fire crews.

Fire and Rescue NSW (FRNSW) said in a statement on Wednesday evening that the blaze broke out just before 2 p.m. local time at a former amusement park site at the corner of Camden Valley Way and Cowpasture Road.

The FRNSW responded with the Rural Fire Service and the Rail Fire and Emergency Service, supported by NSW Police, NSW Ambulance and Transport for NSW.

More than 20 fire units, including bushfire tankers, and 80 firefighters fought the fire. Two helicopters were also used to water bomb the fire, which was fuelled by strong winds.

The fire spread in an easterly direction over 12 hectares, damaging two buildings, including an abandoned home, as well as multiple outbuildings and a num-ber of caravans and trailers, said the FRNSW.

At the scene, one firefighter was medically treated for smoke inhalation and another was hit in the eye by smoke debris. A civilian was treated for chest pains at home by paramedics.

The fire has been downgraded to the "advice" level from "emergency warning" issued earlier.

The cause of the fire is under investigation.

Xinhua

China to join hands with int'l community to promote Africa's prosperity

BEIJING August 28

Supporting Africa's development is the common responsibility of the international community, and China stands ready to join hands with the international community to promote Africa's prosperity and bring benefits to the African people, a Chinese Foreign Ministry spokesperson said here Wednesday.

Spokesperson Lin Jian made the remarks at a regular press conference in response to a Kenyan economist's remarks on cooperation between Africa and China. He said that African countries are not forced to change their own policies, and Africa-China cooperation is driven by the needs of Africa. This approach has also made Western countries and other non-regional partners consider the needs of Africa and establish equal partnerships with African countries.

Lin said that China's cooperation with Africa, rooted in the fundamental interests of the Chinese and African people, has always been guided by the principle of sincerity, real results, amity and good faith as well as the principle of pursuing the greater good and shared interests.

China's modernization has always promoted Africa's development, Lin said, adding that China has always been committed to the well-being and needs of the African people, respects Africa and treats African countries as equals, and never imposes China's own will or pursues selfish interests.

When asked to comment on an article published by a U.S. magazine, which says that China is winning the Global South by providing public goods to developing countries, Lin told the press briefing that China, as a natural member of the Global South, is committed to supporting Africa and other partners of the Global South to truly realize development and revitalization.


Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Scientists make 'astonishing' discovery while studying 7,000-year-old underwater city

• Shipwreck full of 3,000-year-old wine jugs found off Israeli coast



The Stone Age road's remains were uncovered under layer of what scientists called 'sea slime'.

A 'beautifully preserved' sunken landscape, complete with a network of rivers and estuaries, has been mapped in 3D surrounding a submerged 7,000-year-old city.

The scanning effort follows last year's discovery of a nearby Stone Age road 13-feet beneath the Adriatic Sea, which once connected this ancient city to the mainland.

The city, known as Soline, was built on an artificial landmass by the ancient Hvar culture — but began to slowly sink off the coast of what is now Croatia as sea levels rose with the melting glaciers of the last Ice Age, starting around 12,000 BC.

An international team of researchers now hope to use this 'astonishing' and uniquely undisturbed drowned geography to better assist them in strategizing their deeper hunt for more of the Hvar people's ancient submerged sites and artifacts.

'It's a more diverse landscape and it's better preserved than we expected,' according to geo-archaeologist Dr Simon Fitch, the new project's lead investigator.

'The results,' he said, 'provided way more detail than we were expecting.'

The undersea landscape once walked by the Hvar was found in the waters near Croatia's second-largest Split, where Dr Fitch traveled in March 2023 to initiate this first-ever seafloor scanning using state-of-the-art underwater 3D seismic sensors.

'There are beautifully preserved rivers and estuaries buried beneath what is now the seafloor,' Dr Fitch explained.

'The unique environment of the area around Split, which is quite sheltered, has preserved a lot of it,' he said.

Split's portside coast opens on a bay protected from the more unpredictable currents of the wider Adriatic Sea by the islands of Brač and Šolta along Croatia's Dalmatian archipelago.

The Adriatic, which divides Croatia from Italy, was long an ancient trade route between people connected by it and the larger, neighboring Mediterranean Sea.

Past explorations of its waters have dredged up Roman artifacts, a 2,200-year-old shipwreck and another Hvar settlement in nearby Gradina Bay 15-ft below sea level and 'almost identical to the Soline settlement,' according to the University of Zadar.

The new project builds off of Dr Fitch's recent initiatives using offshore petroleum mining data, created and donated by the firm Petroleum Geo-Services who collects 3D geological maps using seismic equipment similar top earthquake warning data.

Dr Fitch and his team used the company's data to map an ancient lost island in the North Sea, Doggerland, that once sat between Great Britain and the Netherlands.

But the new Adriatic project is taking this kind of 3D seismic mapping equipment and applying it directly for geological archeology for reportedly the first time.

'When we went in with our high resolution sensors, we found more rivers, more water in the landscape and more environments,' Dr Fitch said.

'That's amazing, because it suggests it is more likely that people lived there.'

Understanding where rivers once were, the researcher noted, will help his team better choose which sites were likely to have been inhabited by people, including more prehistoric settlements of Hvaric culture, improving their underwater digs' chances of success.

'Our ultimate goal is to find human artifacts,' Dr Fitch noted, 'and having this new understanding of the landscape makes that more likely.'

'Croatia is the gateway to Europe,' he added, 'so if you think about the advance of farming into Europe, it is and always has been a very important landscape.'

Better understanding the Hvaric people's lives will help bridge a gap between prehistory and the more well-known and storied era of the ancient Greeks and Romans along these seas made famous during their era of antiquity.

It may also help scientists understand how a past human civilization coped with the rising sea levels of climate change.



A 'beautifully preserved' sunken landscape, complete with a network of rivers and estuaries, has been mapped in 3D off the coast of Croatia - surrounding a submerged 7,000-year-old city.

'The speed at which that landscape was lost to the sea is also important,' Dr Fitch said. 'It affected people and culture.'

'So by understanding the landscape, we can begin to understand the whole archaeological picture so much more clearly.'

'So by understanding the landscape, we can begin to understand the whole archaeological picture so much more clearly.'

Dr Fitch, who teaches at the University of Bradford, said his team plans to dispatch another team of divers down to inspect some of the sites revealed by the new 3D mapping later this year.

Archeologist and art historian Vedran Barbarić, an associate professor from the University of Split, presented the new findings with Dr Fitch at a public lecture in Split on May 10, 2024 and covered by local media Dalmacija Danas.

Their future work over the next few years will map both the Adriatic and North Sea, as they were between 10,000 and 24,000 years ago, during the last Ice Age, when sea levels were around 300 feet lower than they are today.

Archaeologists began making their surprising finds in this part of the Adriatic after analyzing satellite images of the water around the submerged Soline site of Soline, which was discovered in 2021 off the coast of the Croatian island of Korčula.

Mail Online

INNOVATION

ဓာတ်ငွေ့အစား လေကိုသာသုံးသည့်အအေးပေးစနစ် အနုတ် ၁၄၈ ဒီဂရီဖာရင်ဟိုက်အထိအအေးပေးနိုင်

တောင်ကိုရီးယားနိုင်ငံမှ သိပ္ပံပညာရှင်များက ကမ္ဘာ့လေထုကိုပျက်စီးစေသည့် အအေးပေးဓာတ်ငွေ့များအစား လေကိုသာအသုံးပြုသည့် အအေးပေးစနစ်တစ်ခုကို တီထွင်ဖန်တီးလိုက်နိုင်ပြီဖြစ်သည်။

ထိုအအေးပေးစနစ်၏ထူးခြားချက်က အချိန်တစ်နာရီအတွင်း လေကိုအနုတ် ၇၆ ဒီဂရီဖာရင်ဟိုက် (အနုတ် ၆၀ ဒီဂရီစင်တီဂရိတ်)အထိအေးစေမည်ဖြစ်သည်။


ထို့ပြင် ဖန်တီးထားသည့်သီအိုရီအရဆိုပါက အဆိုပါစနစ်၏အေးခဲမှုနှုန်းသည် အနုတ် ၁၄၈ ဒီဂရီဖာရင်ဟိုက်(အနုတ် ၆၀ ဒီဂရီစင်တီဂရိတ်)အောက်အထိ အေးစေမည်ဖြစ်သောကြောင့် သမားရိုးကျအအေးပေးစနစ်များထက် အေးခဲနှုန်းပိုများသည်ကိုတွေ့ရသည်။

သမားရိုးကျအအေးပေးစနစ်များသည် အအေးပေးဓာတ်ငွေ့အရည်များကို အငွေ့ပြန်စေကာ အပူကိုပြန်စုပ်ခြင်းနည်းလမ်းဖြင့် အရာဝတ္ထုများကိုအေးမြစေခြင်းဖြစ်သည်။

ထိုစနစ်ကလွယ်ကူသော်လည်း အအေးပေးဓာတ်ငွေ့များကိုအသုံးပြုရသည်။ သို့သော်ထိုဓာတ်ငွေ့များသည်ပြင်းထန်သောဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်သောကြောင့် ကမ္ဘာကြီးပူနွေးမှုကို ပိုမိုပြင်းထန်စေသည့်အတွက် နိုင်ငံအများအပြားက အဆိုပါဓာတ်ငွေ့များအသုံးပြုမှုကို ကန့်သတ်လာသည်။ ထို့ကြောင့် ကိုရီးယားစွမ်းအင်သုတေသနဌာနက ယခုကဲ့သို့ ရိုးရိုးလေကိုသာအသုံးပြုသည့် အအေးပေးစနစ်ကို တီထွင်လာခြင်းဖြစ်သည်။

Ref: IE

K.H



အလွှာထပ်အုပ်သည့်နည်းပညာတစ်မျိုးကြောင့် ရေအောက်ထဲတွင်လည်း ဆိုလာပြားများအလုပ်လုပ်နိုင်မည်

အမေရိကန်ရေတပ်က ထောက်ပံ့မှုပေးထားသည့် သုတေသနပညာရှင်များသည် အလွှာထပ်အုပ်သည့်နည်းပညာတစ်မျိုးကိုဖန်တီးလိုက်နိုင်ပြီဖြစ်သည်။

ထိုနည်းပညာကိုအသုံးပြုခြင်းအားဖြင့် ရေအောက်ထဲတွင်လည်း ဆိုလာပြားများကကောင်းစွာအလုပ်လုပ်နိုင်စေမည်ဖြစ်သည်ကိုတွေ့ရသည်။

အထူးသဖြင့် အဆိုပါအလွှာထပ်အုပ်သည့်နည်းပညာသည် ဆိုလာပြားများပေါ်သဘာဝအရ ကပ်တင်တွယ်ငြိတတ်သောရေညှိများ၊ ခရင်းကောင်များတွယ်ငြိမှုမရှိစေရန် စွမ်းဆောင်နိုင်သောကြောင့် ဆိုလာပြားအနေဖြင့် ရေအောက်ထဲတွင်ရှိနေသည့်တိုင် အလင်းရောင်ကောင်းစွာရရှိပါက သူ၏မူလစွမ်းရည်များအတိုင်း အလုပ်လုပ်နိုင်စေခြင်းဖြစ်သည်။

ထိုအလွှာထပ်အုပ်သည့်နည်းပညာကို တီထွင်သူများမှာ ဒိန်းမတ်နည်းပညာမှ ပညာရှင်များဖြစ်ပြီး ယင်းနည်းပညာတွင် ဇီဝပေါင်းသတ်ဆေး၊ အမြန်ပေါလစ်တင်ပေးသည့်ချုပ်ဆေးနှင့် နာနိုပမာဏရှိ ပင်လယ်ရေတွင်ပျော်ဝင်နိုင်သော ရောင်ခြယ်အနည်းငယ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထိုနည်းပညာကို နေရောင်ခြည်စွမ်းအင်သုံး မောင်းသူမဲ့ရေအောက်သွားယာဉ်များတွင် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း ပညာရှင်များကပြောသည်။

Ref: IE

K.H



MILITARY

ယူကရိန်းက ပထမဆုံးပြည်တွင်းဖြစ်အမြင့်ပျံဒုံးကျည်ကို ထုတ်လုပ်စမ်းသပ်



ယူကရိန်းနိုင်ငံအတွက် ပထမဆုံးသော ပြည်တွင်းဖြစ်အမြင့်ပျံဒုံးကျည်ကို ထုတ်လုပ်ပြီး အောင်မြင်စွာစမ်းသပ်လိုက်နိုင်ပြီဖြစ်ကြောင်း ယူကရိန်းသမ္မတဗိုလိုဒိုမာဇီလန်စကီက ဩဂုတ်လ ၂၈ ရက်တွင် ပြောသည်။

ဇီလန်စကီက အဆိုပါအမြင့်ပျံဒုံးကျည်စနစ်၏အမည်ကို ထုတ်ဖော်ပြောထားခြင်း မရှိသော်လည်း ပြည်တွင်းဖြစ်အမြင့်ပျံဒုံးကျည်များကိုအသုံးပြုနိုင်ခြင်းကြောင့် ကုန် ကျစရိတ် သက် သာစေမည့် အပြင် ရန်ဘက်နိုင်ငံများအတွက် အဟန့်အတားတစ်ခုဖြစ်စေနိုင်မည်ဟု ပြောထားသည်။

ထို့ပြင် အဆိုပါအမြင့်ပျံဒုံးကျည်သည် မြေပြင်အခြေစိုက်စနစ်ဖြစ်ပြီး ကီလိုမီတာ ၇၀၀ အကွာအဝေးအထိရောက်နိုင်သည်ဟု ယူကရိန်းတာဝန်ရှိသူများကပြောထားသည်။

ယင်းဒုံးကျည်စနစ်နှင့်ပတ်သက်သည့် အချက်အလက်များကို လျှို့ဝှက်ချက်အနေဖြင့်ထားရှိထားသော်လည်း Hrim-2 တာတိုပစ်အမြင့်ပျံဒုံးကျည်စနစ်အပေါ် အခြေခံထားနိုင်ဖွယ်ရှိသည်။ လက်ရှိတွင် Hrim-2 စနစ်ကို အဆင့်မြှင့်တင်မှုများလုပ်နေသည်ဟု တာဝန်ရှိသူများကပြောသည်။

Ref: IE

K.H

လေဆာပဲ့ထိန်းဒုံးများပါသည့်ဒရုန်းဖျက်စနစ် အမေရိကန်ကြည်းတပ်လက်ခံရရှိ



အမေရိကန်ကြည်းတပ်က အီလက်ထရွန်နစ်အဆင့်မြင့်မြေပြင်ပစ်ခတ်မှုစနစ် (EAGLS) အမျိုးအစား ဒရုန်းဖျက်စနစ်များကိုလက်ခံရရှိလိုက်ပြီဖြစ်သည်။

ထိုစနစ်၏အဓိကအားသာချက်မှာ ဂုဝ မိုင်လီမီတာရှိလေဆာပဲ့ထိန်းဒုံးများပါရှိခြင်းဖြစ်ပြီး အဆိုပါဒုံးများက ရန်သူ့ဒရုန်းများကို ဘေးကင်းသောအကွာအဝေးအတွင်း ဖျက်ဆီးနိုင်စွမ်းရှိသည်။

ထို့ပြင် အဆိုပါစနစ်တွင် အဝေးထိန်းလက်နက်စနစ်၊ အနီအောက်ရောင်ခြည်သုံးကင်မရာများပါသည့် အာရုံခံဆုံလည်နှင့် အသေးစားရေဒါတစ်ခုတို့ပါဝင်သည်။

ထို့ပြင် အဆိုပါစနစ်ကို အခြားသော လက်နက်စနစ်များဖြင့်လည်း အစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ရွှေ့လျား သို့မဟုတ် အခြေချပစ်ခတ်စနစ်ကဲ့သို့လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

အမေရိကန်ကြည်းတပ်၏ ရေတပ်ဆိုင်ရာဝေဟင်စနစ်များကွပ်ကဲမှုဌာနချုပ်က ဒေါ်လာ ၂၄ ဒသမ ၁ သန်းဖြင့် အဆိုပါစနစ်ခြောက်ခုကို ဧပြီလတွင်မှာယူခဲ့ခြင်းဖြစ်ပြီး ထိုစနစ်များကို အရှေ့အလယ်ပိုင်းဒေသ၌ အသုံးပြုသွားမည်ဖြစ်သည်။

Ref: IE

K.H

ရုရှားက လှိုင်းနှုန်းဖိဖျက်မှုကိုကျော်လွှားနိုင်သည့် နန်းကြိုးမျှင်နည်းပညာသုံးဒရုန်းသုံးလာ

ရုရှားက အီလက်ထရွန်နစ်စစ်ဆင်ရေးတွင် လှိုင်းနှုန်းဖိဖျက်မှုများကိုကျော်လွှားနိုင်မည့်အပြင် တိကျမှုနှုန်းလည်းမြင့်မားသည့် နန်းကြိုးမျှင်နည်းပညာသုံးဒရုန်းများကိုအသုံးပြုလာသည်။

အဆိုပါနည်းပညာသည် ဒရုန်းကို ထိန်းချုပ်ရာ၌ ရေဒီယိုလှိုင်းနှုန်းများဖြင့် ထိန်းချုပ်ခြင်းမဟုတ်ဘဲ နန်းကြိုးမျှင်များပေါ်မှသာထိန်းချုပ်ခြင်းဖြစ်သောကြောင့် တစ်ဖက်ရန်သူ၏ပစ်မှတ်များကို အလွယ်တကူ တိုက်ခိုက်နိုင်စွမ်းရှိသည်။

သို့သော် ထိုစနစ်၏အားနည်းချက်တစ်ခုမှာ ဒရုန်းများ၏အကွာအဝေးကန့်သတ်ချက်ရှိခြင်းနှင့် ဒရုန်းမောင်းသူကို အန္တရာယ်ကျရောက်စေနိုင်ခြင်းဖြစ်သည်။ **Ref: IE**

K.H





ထိုင်းရှိလိုဏ်ခေါင်းပြိုကျမှုဒဏ် ပိတ်မိနေသူများအနက် မြန်မာအလုပ်သမားကို အသက်ရှင်လျက်ပထမဆုံးရှာတွေ့

ဘန်ကောက်၊ ကယ်ဆယ်ရေး

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း အီဆန်ဒေသ နခွန်ရတ်ချာဆီမာမြို့ရှိ လိုဏ်ခေါင်းပြိုကျမှုဒဏ် ပိတ်မိနေသူများအနက် မြန်မာအလုပ်သမားကို သြဂုတ်လ ၂၈ ရက်တွင် အသက်ရှင်လျက်ဖြင့် ပထမဆုံးရှာတွေ့ကြောင်းသိရသည်။

တရုတ်-ထိုင်း နှစ်နိုင်ငံကြား မြန်နှုန်းမြင့် မီးရထားလမ်းဖောက်လုပ်ရာ၌ တစ်စိတ်တစ်ပိုင်းပါဝင်သည့် ထိုလိုဏ်ခေါင်းကို ဖောက်လုပ်နေစဉ် သြဂုတ်လ ၂၅ ရက်နံနက် ၁ နာရီခန့်တွင်ဖြစ်ပွားသော မြေပြိုမှုတစ်ခုကြောင့် လိုဏ်ခေါင်းပြိုကျမှုဖြစ်ပွားရာ မြန်မာနိုင်ငံသားတစ်ဦးနှင့် တရုတ်နိုင်ငံသားနှစ်ဦးတို့ ပိတ်မိသွားသည်။

မြန်မာနိုင်ငံသားမှာ မြေသယ်ယာဉ်ကို မောင်းသူဖြစ်ပြီး တရုတ်နိုင်ငံသားနှစ်ဦးအနက်တစ်ဦးမှာ ကြီးကြပ်သူဖြစ်ပြီး ကျန်တစ်ဦးမှာ မြေတူးစက်မောင်းသူဖြစ်သည်။

ထို့နောက် ကယ်ဆယ်ရေးအဖွဲ့များက နေရာမတူသည့် ပိတ်မိနေသူသုံးဦးစလုံး၏ နေရာများကို ရှာဖွေမှုများလုပ်ဆောင်ရာ မြန်မာအလုပ်သမားကို ပထမဆုံးရှာတွေ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များသည် မတော်တဆမှုဖြစ်ပွားစဉ်ကတည်းက လိုဏ်ခေါင်းအတွင်းသို့အောက်ဆီဂျင်များပို့လွှတ်ခြင်း၊ မြေသားများ၊ အပျက်အစီးများကိုဖယ်ရှားရှင်းလင်းခြင်းများလုပ်ဆောင်ကာ ပိတ်မိနေသူများကိုရှာဖွေနေခဲ့ခြင်းဖြစ်သည်။

ယခုအခါ ပိတ်မိနေသူများအားလုံး၏ နေရာကိုတွေ့ရှိပြီဖြစ်သောကြောင့် ၎င်းတို့ကိုကယ်ဆယ်နိုင်ရေးအတွက် အစွမ်းကုန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်။

Ref: NT



ယူကရိန်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်လာမည့်အလားအလာမရှိဟု ရုရှားပြော

မော်စကို၊ နိုင်ငံရေး

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်လာစေမည့် အလားအလာမရှိကြောင်း ရုရှားသမ္မတရုံးက သြဂုတ်လ ၂၈ ရက်တွင်ထုတ်ပြန်လိုက်သည်။

အိန္ဒိယဝန်ကြီးချုပ်က သြဂုတ်လ ၂၇ ရက်တွင် ရုရှားသမ္မတနှင့် တယ်လီဖုန်းမှတစ်ဆင့်ဆွေးနွေးစဉ် ယူကရိန်းခရီးစဉ်နှင့် ပတ်သက်၍ပြောဆိုမှုများရှိခဲ့သည်။

ထို့နောက် အိန္ဒိယက ရုရှားနှင့်ယူကရိန်းတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရန် ကမ်းလှမ်းခြင်းရှိ၊ မရှိနှင့်ပတ်သက်၍ သတင်းထောက်၏မေးမြန်းမှုကို သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဒီမိထရီပက်စကော့ကယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

“အိန္ဒိယနိုင်ငံကတော့ ငြိမ်းချမ်းရေးကို အမြဲတမ်းပဲ ထောက်ခံအားပေးသူဖြစ်ပါတယ်။ ကမ္ဘာကြည့်အနေနဲ့ရှုမြင်ရင်ပေါ့။ ဒါပေမဲ့ ဒီအချိန်မှာတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်လာစေဖို့ ဘယ်လိုအခြေအနေမှ ရှိမနေပါဘူး”ဟု ၎င်းကပြောသည်။

ထို့ပြင် ရုရှားသမ္မတဗလာဒီမာပူတင်ကလည်း ယူကရိန်းတို့က ခု(စ)ဒေသကို တိုက်ခိုက်ကာ အရပ်သားများကိုသေကျေပျက်စီးမှုများဖြစ်စေပြီးနောက် ထိုနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်သွားမည့် အစီအစဉ်မရှိကြောင်း အစောပိုင်းကတည်းက ထုတ်ပြန်ထားသည်။

Ref: RT



အစွစ်ရေးက အမေရိကန်လက်နက်များဖြင့် ဂါဇာကိုတိုက်ခိုက်မှု စစ်ရာဇဝတ်မှုဖြစ်ဟုဆို

ဝါရှင်တန်၊ စစ်ရေး

အစွစ်ရေးက အမေရိကန်ထုတ်လက်နက်များဖြင့် ဂါဇာအပေါ်တိုက်ခိုက်မှုအနည်းဆုံး အခု ၂၀ သည် စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်ကြောင်း အမေရိကန်သုတေသနအကြံပေးအဖွဲ့တစ်ဖွဲ့ကတွေ့ရှိထားသည်။

အစွစ်ရေးသည် အမေရိကန်လက်နက်များသုံး၍ ဒုက္ခသည်စခန်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများကိုတိုက်ခိုက်သည့်အပြင် စစ်ရေးပစ်မှတ်များကိုတိုက်ခိုက်ရာတွင်လည်း အင်အားအချိုးမညီစွာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု သုတေသနအဖွဲ့ကပြောသည်။

ထိုတိုက်ခိုက်မှုများအားလုံးနီးပါးသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကိုချိုးဖောက်ပြီး အရပ်သားများစွာကိုအသက်ဆုံးရှုံးစေသည်ဟု ကွင်စီသုတေသနအဖွဲ့ကပြောသည်။ အစွစ်ရေးသည် ဂါဇာကိုတိုက်ခိုက်ရာတွင် အမေရိကန်လက်နက်များကိုသာ အဓိကအသုံးပြုလျက်ရှိသည်။ **Ref: Xinhua**

သတင်းတိုကျဉ်း

ဗီယက်နမ်၏ အုန်းသီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိမည်

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံက အုန်းသီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိမည်ဖြစ်ကြောင်း ဗီယက်နမ် အုန်းသီးတင်ပို့သူများအဖွဲ့က ထုတ်ပြန်ထားသည်။

အထူးသဖြင့် ယခုလအစောပိုင်းတွင် တရုတ်နိုင်ငံသို့ အုန်းသီးအစိမ်းများတင်ပို့ရေးသဘောတူစာချုပ်ကိုလက်မှတ်ထိုးနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ထိုအဖွဲ့၏ထုတ်ပြန်ချက်ကိုကိုးကား၍ ဗီယက်နမ်သတင်းဌာနကဖော်ပြထားသည်။

အဆိုပါစာချုပ်ကိုလက်မှတ်ထိုးလိုက်နိုင်ခြင်းသည် အုန်းပင်စိုက်သူများအတွက် သတင်းကောင်းပင်ဖြစ်ကြောင်း၊ အုန်းသီးများကို တရုတ်ဈေးကွက်သို့တင်ပို့နိုင်ခြင်းသည် အုန်းသီးဈေးနှုန်းကိုကျဆင်းစေခြင်းမရှိဘဲ အုန်းသီးပုံမှန်စားသုံးသည့်တည်ငြိမ်သောဈေးကွက်ကိုရရှိလိုက်ခြင်းပင်ဖြစ်သည်ဟု အုန်းပင်စိုက်တောင်သူတစ်ဦးကပြောသည်။

ဗီယက်နမ်နိုင်ငံက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့အုန်းသီးတင်ပို့မှုမှ ဒေါ်လာသန်း ၈၀၀ ဝန်းကျင်ရရှိထားပြီး တရုတ်နိုင်ငံက ဗီယက်နမ်မှ အုန်းသီးများကို အများဆုံးတင်သွင်းသူဖြစ်သည်။

Ref: Xinhua

လေထုညစ်ညမ်းမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မျှော်မှန်းသက်တမ်း ငါးနှစ်နီးပါးကျဆင်း

လေထုညစ်ညမ်းမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ပြည်သူများ၏မျှော်မှန်းသက်တမ်းကို ငါးနှစ်နီးပါးကျဆင်းလာစေကြောင်း သုတေသနအဖွဲ့တစ်ခုက သြဂုတ်လ ၂၈ ရက်တွင်ထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်၌ လေထုညစ်ညမ်းမှုအဆိုးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၎င်းတို့သာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏သတ်မှတ်ချက်အတိုင်း လေထုသန့်စင်ပါက အသက် ၄ ဒသမ ၈ နှစ်ပိုရှည်စေမည်ဖြစ်ကြောင်း လေထုအရည်အသွေးစံနှုန်းသတ်မှတ်သည့်အဖွဲ့ကထုတ်ပြန်ထားသည်။

သို့သော် ဒေသအချို့ဖြစ်သည့် ဂါဇီပူရနှင့် နာဆင်းဒီမြို့တို့တွင် လေထုညစ်ညမ်းမှုပိုမိုဆိုးဝါးသည့်အတွက် ထိုဒေသများရှိ ပြည်သူများ၏မျှော်မှန်းသက်တမ်း ခြောက်နှစ်ကျော်ကျဆင်းရကြောင်း ထိုအဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်တစ်နိုင်ငံလုံးရှိ ပြည်သူ ၁၆၆ ဒသမ ၄ သန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏သတ်မှတ်စံနှုန်းထက်မြင့်မားသည့် လေထုညစ်ညမ်းမှုအောက်တွင် နေထိုင်ရပြီး ၉၆ ဒသမ ၈ ရာခိုင်နှုန်းမှာ နိုင်ငံ၏ လေထုအရည်အသွေးစံသတ်မှတ်ချက်ထက်ကျော်လွန်သည့်ဒေသများ၌နေထိုင်နေရကြောင်းသိရသည်။ **Ref: Xinhua**

ဟိုချီမင်းမြို့၌ ဝက်သက်ရောဂါကူးစက်မှုဖြစ်ပွား

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ဝက်သက်ရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေကြောင်း မြို့တော်တာဝန်ရှိသူများက ကြေညာချက်ထုတ်ပြန်ထားသည်။

ဟိုချီမင်းမြို့အတွင်း ဝက်သက်ရောဂါကူးစက်ပျံ့နှံ့မှုမြင့်တက်လျက်ရှိပြီး လူသုံးဦးသေဆုံးထားစဉ် ယခုကဲ့သို့ကြေညာချက်ကို ပထမဆုံးအကြိမ်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် တာဝန်ရှိသူများက ဒေသတွင်းရှိ အသက်တစ်နှစ်မှငါးနှစ်အတွင်း ကလေးငယ်များအားလုံးကို ဝက်သက်ရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးပေးသွားရန်စီစဉ်ထားသည်။

ထို့ပြင် ရောဂါကူးစက်ပျံ့နှံ့မှုအပေါ်မူတည်၍ ကာကွယ်ဆေးထိုးပေးမည့်အရွယ်ကိုလည်း တိုးမြှင့်သွားမည်ဟုထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဟိုချီမင်းမြို့၌ ဝက်သက်ရောဂါဖြစ်ပွားသူတစ်ဦးသာရှိရာမှ ယခုနှစ်တွင် ရောဂါဖြစ်ပွားသူ ၃၅၃ ဦးအထိမြင့်တက်လာကြောင်းသိရသည်။

Ref: Xinhua

ရေကြီးမှုများကြောင့် ထိုင်းခရီးသွားလုပ်ငန်းမှ ဘတ်သန်း ၅၀၀ ဆုံးရှုံး

ထိုင်းနိုင်ငံအတွင်း ရေကြီးမှုများကြောင့် ခရီးသွားလုပ်ငန်းမှ ဘတ်သန်း ၅၀၀ ဆုံးရှုံးကြောင်းနှင့် ခရီးသွားများ၏ငွေကြေးအသုံးပြုမှုမှာ ဘတ်သန်း ၂၀၀ အထိလျော့ကျလာမည်ဟု ခန့်မှန်းရကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

ထိုသို့ရေကြီးမှုများကြောင့် ခရီးသွားလုပ်ငန်းနေရာအများအပြားကိုပိတ်လိုက်ရသည့်အတွက် ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးကပြောသည်။

ထို့ပြင်ယင်းကဲ့သို့ခရီးသွားလုပ်ငန်းနေရာများပိတ်ရမှုကြောင့် အလုပ်သမား ၆၂၈ ဦးမှာ အလုပ်လက်မဲ့ဖြစ်ရကြောင်း ၎င်းကဆက်ပြောသည်။ အလားတူ ဟိုတယ်များတွင်လည်း လူဝင်မှုအလွန်နည်းသွားပြီး အစိုးရအနေဖြင့် အခွန်ငွေဘတ် ၂၄ သန်းနစ်နာကြောင်းသိရသည်။ **Ref: Xinhua**

ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဂန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရေဘေးပညာပေးစာစောင်

ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ် ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းပြင့်၊ ရေလွှတ်နိုင် သည့်နေရာများ၊ အဆောက်အအုံများ)



၁

၃။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။



၄။ သောက်သုံးရေများ ကြိုတင်စုဆောင်း ထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစ ရှိသည့်ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင် သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။



၄

ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများ ကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြိုး ပါက မြစ်ဝှမ်းတစ်လျှောက် တွင် လျှပ်တစ်ပြက်ရေကြီး ခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး ဓာရွက်စာတမ်း များကို မိမိနှင့်အတူထားရှိပါ။



၃

ရေကြီးခြင်းဖြစ်ပေါ် နေ့ချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၄

၅။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက် သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ-မြို့ဆက်သွယ် ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၆။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွှေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



အောက်ဖော်ပြပါအရေးပေါ် သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။

ပေါ့ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။

- ☐ ရေနှင့် ဓာတ်ဆားများ
- ☐ ကြာရှည်ခံအစားအစာများ
- ☐ ရေးပီးသုန္နာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးပါးများ
- ☐ အရေးပေါ်ခြုံစောင်
- ☐ အဝတ်အစားများ
- ☐ ရေစိုခံမိုးကာ
- ☐ အကြမ်းခံသည့် ဖိနပ်၊
- ☐ ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- ☐ လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- ☐ ဘက်စုံသုံး အိတ်ဆောင်ဓါး၊ ကြိုး
- ☐ ဖယောင်းတိုင်၊ မီးခြစ်
- ☐ အခြားသူများ အာရုံရိုက်မှုရစေရန် လိုအပ်သည့် ပိစိ
- ☐ တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာ၊သွားတိုက်ဆေး)
- ☐ ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- ☐ ကလေးများ၏ ကျောင်းသုံးပစ္စည်းများ



၇

ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရ ဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင် များအား စနစ်တကျမီးရှို့ ခြင်း(သို့) မြေမြှုပ်ခြင်း များပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်း ကြားပြီး ကူညီ ရှင်းလင်းပါ။



၆

၅။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။



၆။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။



၇။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင် သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၈။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်း အမြစ်များကို မသုံးစွဲပါနှင့်။



၃။ ရေစိုပြီး အနုံအသက် မကောင်းသော အစား အစာများမစားပါနှင့်။



၇

AYA Pay Futsal Championship 2024ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဘောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadiumဌ္ဌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။



AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Power HBI အသင်းနှင့် Pacific Sun Far အသင်းတို့ကစားခဲ့ရာ Power HBI အသင်းက ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် Naka United အသင်းနှင့် VUC FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ၉ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Jullniss FC အသင်းနှင့် Let Wel Thone Nara အသင်းတို့ကစားခဲ့ရာ Let Wel Thone Nara အသင်းက ၆ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် YCDC Marga FC အသင်းနှင့် M2K FC အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ညနေ ၃ နာရီတွင် Bushido Team အသင်းနှင့် M-Millions FC အသင်းတို့ကစားခဲ့ရာM-Millions FC အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ ညနေ ၄ နာရီခွဲတွင် Seven FC အသင်းနှင့် Futsal Chit Thu အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ်လ ၂၉ ရက် နံနက် ၉ နာရီတွင် FCT Youth အသင်းနှင့် YRG FC အသင်း၊ နံနက် ၁၀ နာရီခွဲတွင် Sar Bal Gyi Doh FC အသင်းနှင့် MH Dream Team အသင်း၊ မွန်းတည့် ၁၂ နာရီတွင် Generations FC အသင်းနှင့် SGF FC အသင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် Pyae Son FC အသင်းနှင့် Gold Dream FC အသင်း၊ ညနေ ၃ နာရီတွင် Futsal 19 အသင်းနှင့် TG United အသင်း၊ ညနေ ၄ နာရီခွဲတွင် RPG FC အသင်းနှင့် Let Wel Youth အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် Junior Lions အသင်းနိုင်ပွဲရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များကို ယနေ့ညနေ ပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ Junior Lions အသင်းနိုင်ပွဲရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ Junior Lions အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ Junior Lions အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ၁၉ မိနစ်တွင် ခွန်မောင်လုံးကလည်းကောင်း၊ ပွဲချိန် ၂၅ မိနစ်တွင် စိုင်းဆွမ်ဆိုင်းကလည်းကောင်း Junior Lions အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူပေးနိုင်ခဲ့ပြီး ပထမပိုင်းတွင် Junior Lions အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် Junior Lions အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို Junior Lions အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် ခွန်မောင်လုံးက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် နိုင်နိုင်ဝင်းက သွင်းယူပေးနိုင်ခဲ့ပြီး ပထမပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၉ မိနစ်တွင် အောင်ခန့်ဖြိုးက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းမှ အောင်ခန့်ဖြိုးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **စည်သူအောင်**



⏭ **ကျောဖုံးမှအဆက်**

မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အိမ်ကွင်းတွင် နှစ်ပွဲနှင့် အဝေးကွင်းတွင် နှစ်ပွဲကစားသွားရမည်ဖြစ်ပြီး ဒီဇင်ဘာလ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာလ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာလ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း အသီးသီးကစားသွားရမည်ဖြစ်သည်။

Mitsubishi Eelectric Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီး ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်များကို ဒီဇင်ဘာလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို ဒီဇင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင်လည်းကောင်း၊ ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲ ဒုတိအကျော့ပွဲစဉ်ကို ဇန်နဝါရီလ ၅ ရက်တွင်လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

လက်ပံတန်းမြို့နယ်၊ ရေငံကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေနေ



နေပြည်တော် ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ရေငံကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို ဩဂုတ်လ ၂၇ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ်လ ၂၇ ရက်နေ့က ရေငံကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း ဒေသခံကျေးရွာသားများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်းစသည့် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်းသတင်းရရှိသည်။ **(၁၀၀)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈-၈-၂၀၂၄

ဖျာပုံ	၂	ဒသမ	၇၆	လက်မ	မြောင်းမြ	၁	ဒသမ	၃၄	လက်မ
ဒေးဒရဲ	၂	ဒသမ	၃၆	လက်မ	ကွမ်းခြံကုန်း	၁	ဒသမ	၂၂	လက်မ
ညောင်လွှ	၂	ဒသမ	၁၇	လက်မ	ပဲခူး	၁	ဒသမ	၁၈	လက်မ
ပေါင်	၁	ဒသမ	၈၁	လက်မ	ရှမ်းရွာသစ်	၁	ဒသမ	၁၈	လက်မ
မဒေါက်	၁	ဒသမ	၇၇	လက်မ	ကျောက်ဖြူ	၁	ဒသမ	၀၆	လက်မ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဇလွန်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ

ဇလွန် ဩဂုတ် ၂၈

ဇရာဝတီတိုင်းဒေသကြီး ဇလွန်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ အမျိုးသားခန်းမ၌ ဩဂုတ်လ ၂၈ ရက်တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ဇလွန်) ကျောင်းသား၊ကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ"သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဇရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ သရုပ်ဖော်အကများဖြင့် ကပြသီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည်က ဇလွန်မြို့နယ် ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသူများအား ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများထံ အသီးသီးပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးနှင့်တာဝန်ရှိသူများက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသောခေတ်ပုံပြခန်းများ၊ စာအုပ်စာစောင်ပြခန်းများ၊ ပြပွဲပြိုင်ပွဲများ၊ စာအုပ်အရောင်းဆိုင်များနှင့် အားကစားပြိုင်ပွဲများကျင်းပနေမှုများတွင်



ကျောင်းသားလူငယ်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို ဩဂုတ်လ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘိုကလေးတင့်အောင် စာကြည့်တိုက်၌ ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

ဘိုကလေး ဩဂုတ် ၂၈

ဇရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၏ အထင်ကရစာကြည့်တိုက်တစ်ခုဖြစ်သော ဘိုကလေးတင့်အောင်စာကြည့်တိုက်တွင် စာကြည့်တိုက်သက်ဝင်လှုပ်ရှားမှုရှိစေရေး၊ ကျောင်းသားလူငယ်များ စာပေ၌မွေ့လျော်စေရေးနှင့် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်ကာ ဩဂုတ်လ ၂၈ ရက်နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးဟောပြောပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့်ဝန်ထမ်းများ၊ အခြေခံပညာကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြပြီး ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က ကျောင်းသား၊ ကျောင်းသူများအား "စာဖတ်ခြင်းဖြင့် ကြီးမြတ်သောလူမျိုး"ခေါင်းစဉ်ဖြင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကမ္ဘာ့အလယ်၌ ရင်ပေါင်တန်းစေနိုင်မည့် လူမျိုးများဖြစ်စေရေးအတွက် အဓိကကျသောအရာသည် စာပေဗဟုသုတဖြစ်သည့် အားလျော်စွာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာများများဖတ်ကြရန်လိုအပ်ကြောင်း အသိပညာပေးဟောပြောပြီး ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ကျောင်းသူများအား စာပေဇာတန်ဖိုးကို ညွှန်ဆိုရေးဖွဲ့ထားသော ပုံပြင်များဖြင့် ပုံပြင်ပြောပြိုင်ပွဲကျင်းပပေးကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

Gender (ကျား/မရေးရာ)၊ CEDAW (အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်)၊ NSPAW (အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း)အသိပညာပေးသင်တန်းဖွင့်

ကော့သောင်း ဩဂုတ် ၂၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟံသာဝတီခန်းမ၌ Gender(ကျား/မရေးရာ)၊ CEDAW (အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်)၊ NSPAW (အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း) အသိပညာပေးသင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းကို မြို့နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက အဖွင့်အမှာစကားပြောကြားပြီး ကော့သောင်းခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Gender (ကျား/မရေးရာ)နှင့် ပတ်သက်သည်များ၊ CEDAW (အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်) နှင့်ပတ်သက်သည်များ၊ NSPAW (အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း) နှင့်ပတ်သက်သည်များကို ကော့သောင်းခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းနှင့် ဦးစီးအရာရှိ ဒေါ်မြတ်မြတ်မိုးတို့က Power Point ဖြင့် ဆွေးနွေးပြောကြားကြသည်။

သင်တန်းကို မြို့နယ်အတွင်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများတွင် စွမ်းဆောင်ရည် မြင့်မားရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန်၊ ကျား/မတန်းတူညီမျှရန်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး စသည့်ကိစ္စရပ်များရှိပါက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ NGOs များမှ သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ပူးပေါင်းချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကာ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

မုဒုံမြို့၌ ရော်ဘာပင်များအား မိုးကာအုပ် အစေးခြစ်နည်း သင်တန်းပေး

မုဒုံ ဩဂုတ် ၂၈

မွန်ပြည်နယ် မုဒုံမြို့နယ် ကျိုက်ရွဲကျေးရွာရှိ စိုက်ကွက်အမှတ်(၈)၌ ရော်ဘာအထွက်နှုန်း တိုးတက်မြင့်မားစေရန် ရော်ဘာပင်များအား မိုးကာအုပ်အစေးခြစ်နည်းသင်တန်းပေးခြင်းကို ဩဂုတ်လ ၂၈ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးအောင်က ရော်ဘာအစေးခြစ်ခြင်းအများစုသည် မိုးများသောကာလတွင် အစေးခြစ်ခြင်းကို ရပ်နားထားရကာ မိုးကာတပ်ဆင်၍ အစေးခြစ်ပါက အစေးခြစ်ရက် ပိုမိုရရှိစေနိုင်ပြီး တစ်ဧကအထွက်နှုန်းတိုးတက်လာသဖြင့် ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိုးတွင်းကာလအတွင်း အစေးခြစ်ရက် ပိုမိုရရှိခြင်းသည် အစေးခြစ်လုပ်သားများ ဝင်ငွေရရှိအောင် ပြုလုပ်ပေးခြင်းနှင့် ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးမှုပြဿနာကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)မှ ဒုတိယခြံတာဝန်ခံက မိုးကာအုပ်အစေးခြစ်ခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိနိုင်မှုနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပေးပြီး လက်တွေ့ဆောင်ရွက်နေသည့် ရော်ဘာခြံရှင်များက အတွေ့အကြုံများကို ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့်ရော်ဘာခြံများအား မိုးကာအုပ်အစေးခြစ်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို လက်တွေ့ပြသကာ တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

စီမံချက်ရေးဆွဲနည်းနှင့် AVIP ဖြည့်သွင်းနည်းသင်တန်းဖွင့်

နမ့်စန် ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာမှ ကော်မတီဝင်များအား စီမံချက်ရေးဆွဲနည်းနှင့် AVIP ဖြည့်သွင်းနည်းသင်တန်းကို ဩဂုတ်လ ၂၇ ရက်တွင် အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်းက အမှာစကားပြောကြားသည်။

ထို့နောက် နမ့်စန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးက ကျေးရွာကော်မတီဝင်များအား VDP စီမံကိန်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများကို မိမိတို့ဦးဆောင်၍ လုပ်ငန်းရေရှည်တည်တံ့ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက သင်တန်းတွင် လူဦးရေနှင့် အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ သယံဇာတပြမြေပုံရေးဆွဲနည်းနှင့် ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများ ဖြည့်သွင်းနည်း စသည့် သင်ခန်းစာများကို သင်ကြားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ဦးစီးအရာရှိ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အဆိုပါသင်တန်းကို ငါးရက်ကြာသင်ကြားပေးမည်ဖြစ်ပြီး နမ့်စန်မြို့နယ်အတွင်းရှိ တိုင်းကောင်ကျေးရွာ၊ ခိုင်းလင်းလံကျေးရွာ၊ လွယ်ဆိုင်း(နောက်)ကျေးရွာ၊ နားတုံကျေးရွာ၊ နောင်ဘိုကျေးရွာ၊ ဝမ်ဟင်းကျေးရွာ၊ ဝမ်ကုန်းကျောင်းကျေးရွာ၊ နမ့်ဟူးကူကျေးရွာ၊ ကုန်းဆာ(တောင်)ကျေးရွာနှင့်ကုန်းညို့ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဝင်များ တက်ရောက်လျက်ရှိကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သံသာ(ကျေးလက်)

အိတ်ဖွင့်တင်ဒါလေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ ပြုပြင်သုံးစွဲရန်မသင့်အဆင့် သတ်မှတ်ထားသော လုပ်ငန်းသုံးစက်ကိရိယာ(၂၀၁)မျိုး၊ ရုံးသုံးစက်ပစ္စည်း(၇၄)မျိုးနှင့် ရုံးသုံးပရိဘောဂ(၁၂)မျိုးတို့အား မျက်မြင်အခြေအနေအတိုင်း (1 Lot.)အဖြစ်သတ်မှတ်၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါဈေးပြိုင်လေလံတင် ရောင်းချမည်ဖြစ်ပါသည်-

(က) ပစ္စည်းကြည့်ရှုမည့်နေရာ - (၁) သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန(ရုံးချုပ်)အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
(နံနက် ၉:၃၀ မှ ညနေ ၄:၃၀ထိ)
(၂) စမ်းသပ်စက်ရုံစု(မှော်ဘီ) စက်ရုံဝင်း၊ မိုင်တိုင်အမှတ် ၂၂/၅ (ရန်ကုန်-ပြည်ကားလမ်း)
(နံနက် ၉:၃၀ မှ ညနေ ၄:၃၀ထိ)

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(ဂ) တင်ဒါပုံစံရောင်းချမည့် နေ့ရက်နှင့်အချိန် - ၂၉-၈-၂၀၂၄ ရက်နေ့မှ ၁၀-၉-၂၀၂၄ ရက်နေ့အထိ (နံနက် ၉:၃၀ မှ ညနေ ၄:၃၀ထိ)

(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(င) တင်ဒါပုံစံပေးသွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန် - ၁၁-၉-၂၀၂၄ ရက်နေ့ (နံနက် ၉:၃၀ မှ ညနေ ၄:၃၀ ထိ)

၂။ ပုံစံတစ်စုံအား ကျပ် ၂,၀၀၀/-(ကျပ်နှစ်ထောင်တိတိ)ဖြင့် ဝယ်ယူတင်သွင်းနိုင်ပြီးအိတ်ဖွင့်တင်ဒါ ဈေးပြိုင်လေလံရောင်းချခြင်းကိစ္စနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဦးစီးဌာန(ရုံးချုပ်)၊ ၀၉၈၈၄၂၃၅၉၃၀၊ ၀၁၈၆၅၂၈၆၀ နှင့် စမ်းသပ်စက်ရုံစု (မှော်ဘီ)၊ ဖုန်း-၀၉၇၈၅၀၄၉၃၇၃၊ ၀၉၇၈၆၇၈၈၂၄၁ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

စာရင်းပယ်ဖျက်ရေးဘုတ်အဖွဲ့

ပျောက်ဆုံးကြောင်း
သင်းသင်းခိုင်(ဘ)ဦးအောင် ၉/ငဇန(နိုင်) ၁၃၅၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း
မဝေဝေလွင်(ဘ)ဦးသန်းအောင် ၁၄/အမန(နိုင်)၀၈၆၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 136146)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၁၉၁၁၉၅

ပျောက်ဆုံးကြောင်း
အိအိသန့်(ဘ)ဦးခင်ဝင်း ၁၂/လမန(နိုင်) ၁၅၀၅၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၄၅၁၁၀

ပျောက်ဆုံးကြောင်း
နော်ကပေါ်ထူး(ဘ)ဦးစောချစ်ဆွေ ၁၂/အစန(နိုင်)၂၁၆၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 083694)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
ဝါဝါကျော်(ဘ)ဦးဖိုးထောင် ၇/ကတခ(နိုင်) ၁၄၇၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 752201)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
ဝင်းမြင့်ကျော်(ဘ)ဦးသန်းဝင်း ၁၂/ကမတ(နိုင်)၀၅၉၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 744021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၉၉၉၉၂၉

ပျောက်ဆုံးကြောင်း
ချစ်ကို(ဘ)မောင်ချစ် ၁၄/ဖပန(နိုင်) ၁၇၈၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
စိုးမင်းနိုင်(ဘ)ဦးစိုးလေး ၁၂/တတန(နိုင်) ၂၀၃၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
ဇင်မင်းဦး(ဘ)ဦးတင်ဦး ၁၄/ကပန(နိုင်) ၁၂၃၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(683323)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း
မင်းချစ်ချစ်(ဘ)ဦးချစ်ဦး ၁၂/အစန(နိုင်) ၂၁၅၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 392681)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း
စောဘွယ်စိုး(ဘ)စောရောဘတ်ဒေါ ၁၂/အစန(နိုင်)၂၁၉၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 759959)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း
အေးအေးခိုင်(ဘ)ဦးလှသောင်း ၁၄/အမန(နိုင်)၂၂၁၇၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 562040)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၄၃၀၅၉၉၄

ပျောက်ဆုံးကြောင်း
နှင်းမာလွင်(ဘ)ဦးသန်းလွင် ၅/ကဘလ(နိုင်) ၁၂၇၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 272146)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၃၉၇၄၃၉

မတည်ရင်းနှီးငွေလျှော့ချခြင်း
၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "Myanmar Land And Development Limited"အစုရှယ်ယာရှင်များ၏ (၁၅-၈-၂၀၂၄)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ရင်းနှီးငွေအား ကျပ် ၂၀,၀၀၀,၀၀၀, ၀၀၀/-(ကျပ်သန်းပေါင်းနှစ်ထောင်)တိတိမှ ၁၅,၀၀၀,၀၀၀,၀၀၀/-(ကျပ်သန်းပေါင်းတစ်ထောင့်ငါးရာ) တိတိသို့ လျှော့ချသွားရန် အစုရှယ်ယာရှင်အားလုံးမှ အများသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။
Myanmar Land And Development Limited. Ph:09765151644

အမည်ပြောင်း
မင်္ဂလာဒုံမြို့နယ်၊ PRIVATE SCHOOL OF HTAUKKYANT ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10(A1)တွင် ပညာသင်ကြားနေသော အဘ ဦးထွန်းထွန်း၏သား မောင်ကောင်းမြတ်စံအား မောင်ဟန်ထွန်းဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဟန်ထွန်းဇော်

ဖခင်အမည်မှန်
အထက(၅)ပုသိမ်မြို့၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ နော်ခူလဲပွယ်၏ဖခင် စောဘိုးတော်ကြီး၏အမည်မှန်မှာ ဦးဘိုးတော်ကြီး ၁၄/ပေတ(နိုင်)၁၀၉၉၁၀ ဖြစ်ပါကြောင်း။
ဦးဘိုးတော်ကြီး

အမည်မှန်
အထက(၁၀)ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-10 မှ မောင်ဝေယံလင်း၏ ဖခင် ဦးအောင်မျိုး၏အမည်မှန်မှာ ဦးမျိုးအေး ၁၄/ကကထ(နိုင်)၁၈၃၇၂၈ ဖြစ်ပါကြောင်း။
ဦးမျိုးအေး

ပျောက်ဆုံးကြောင်း
မော်မော်သာဆိုင်(ဘ)ဦးသာဆိုင် ၁၂/အစန(နိုင်)၀၁၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၁၄၈၈၅

အမည်မှန်
အ.ထ.က(၇)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ မောင်ကောင်းသစ်ဦး၏မိခင် ဒေါ်နီလာစိုး၏အမည်မှန်မှာ ဒေါ်နီလာ ၁၄/ဆဒန(နိုင်)၀၀၆၄၁၇ ဖြစ်ပါကြောင်း။
ဒေါ်နီလာ

ပျောက်ဆုံးကြောင်း
ဒေါ်တင်ချစ်(ဘ)ဦးပု ၇/ဝမန(နိုင်) ၀၃၄၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၃၇၄၅၁၂

ပျောက်ဆုံးကြောင်း
အိအိစိုး(ဘ)ဦးကြည်ဌေး ၅/ဘလတ(နိုင်) ၁၁၃၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 360441)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

ပျောက်ဆုံးကြောင်း
စိုးသီဂီဝင်း(ဘ)ဦးလှဝင်း ၉/တကန(နိုင်) ၁၉၃၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 148231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၄၃၀၅၉၉၄

ပျောက်ဆုံးကြောင်း
တိမ်းမျှော်(ဘ)ဦးစောတိန် ၁၃/လရန(နိုင်) ၀၃၄၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 199921)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၃၈၈၆၅၉

ပျောက်ဆုံးကြောင်း
ဇင်မာသက်(ဘ)ဦးမိုးဝင်း ၃/မဝတ(နိုင်) ၀၂၆၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၃၇၄၅၁၂

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အ.ထ.က(ပန်းတင်)၊ Grade-12 မှ မောင်ချမ်းငြိမ်းဝေ၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၇/ကပက(နိုင်)၀၉၀၉၉၄ ဖြစ်ပါကြောင်း။
ဦးထွန်းဝင်း

ပျောက်ဆုံးကြောင်း
လင်းလင်းခိုင်(ဘ)ဦးစံလင်း ၁၂/တကန(နိုင်) ၁၆၃၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ကျင်သိန်း(ဘ)ဦးစိန်ခို ၁၂/အစန(နိုင်) ၀၁၂၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 956156)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၆၀၀၀၁၄

ပျောက်ဆုံးကြောင်း
အားနားစီစီ(ဘ)ဦးယောဟန် ၁/မကန(နိုင်)၁၆၇၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၅၉၆၂၅၉

အမည်ပြောင်း
အထက(၅)ပုသိမ်မြို့၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ ဦးခင်ဇော်ထွန်း ၁၄/ငပတ(နိုင်)၁၆၁၂၅၅ ၏သား မောင်ပေယ်ဖြိုးအား မောင်ပေရယ်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ပေရယ်ဖြိုး

ပျောက်ဆုံးကြောင်း
ဝါဝါအောင်(ဘ)ဦးဝင်းမြင့် ၁၂/မရက(နိုင်) ၁၆၃၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 083787)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၁၃၉၇၀

ပျောက်ဆုံးကြောင်း
ဖြူဖြူဝင်း(ဘ)ဦးသောင်း ၁၂/စခန(နိုင်) ၀၂၅၈၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 064044)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၀၅၁၂၆၄

အမည်မှန်
အ.ထ.က(၇)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ မခိုင်ပြည့်ပြည့်လင်း၏ဖခင် ဦးနေမျိုးထွန်း၏အမည်မှန်မှာ ဦးအောင်လင်းစိုး ၁၂/တကန(နိုင်)၂၁၂၂၀၂ ဖြစ်ပါကြောင်း။
ဦးအောင်လင်းစိုး

ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ကွက်သစ်(B)လမ်းနေ မျိုးကို(ဘ)ဦးကျော်အေး ၆/ပလန(နိုင်) ၀၁၆၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၆၁၀၀၂၆

ပျောက်ဆုံးကြောင်း
မင်းဇော်ဦး(ဘ)ဦးအထွတ် ၁၂/လမန(နိုင်) ၁၁၈၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၈၅၉၂၃

ပျောက်ဆုံးကြောင်း
ရန်ချင်ဟွေ(ဘ)ဦးရန်ကျုံနိမ့် ၁၃/ကမန(နိုင်)၀၆၉၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၅၈၈၇၅

ပျောက်ဆုံးကြောင်း
ထွန်းထွန်းဝင်း(ဘ)ဦးလှမင်း ၁၂/ခရန(နိုင်) ၁၅၅၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၄၁၁၂၄၈၆

ပျောက်ဆုံးကြောင်း
အောင်စိုးမိုး(ဘ)ဦးလှိုင်ဝင်း ၉/ပဘန(နိုင်) ၁၃၆၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ဇင်နိုင်တိုး(ဘ)ဦးကျော်တင့် ၉/ဝတန(နိုင်) ၂၅၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 973472)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

သစ်တောထိန်းသိမ်း
တောတွေစိမ်းမှ
ငြိမ်းချမ်းပြည်ရွာ
နိုင်ငံသာ၏



ပျောက်ဆုံးကြောင်း
ရွှေရည်ဝင်း(ဘ)ဦးလှရွှေ ၁၂/ဥကတ(နိုင်) ၂၂၄၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၉၅၃၀၄၈

ပျောက်ဆုံးကြောင်း
အောင်ဝင်းသူ(ဘ)ဦးမြင့်လွင် ၁၂/တတန(နိုင်)၂၄၈၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 283370)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ဖိုင်း/တောင်ရပ်ကွက်နေ နီလာတင်မြင့်(ဘ)ဦးတင်မြင့် ၇/ပခန(နိုင်)၁၉၁၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 910962)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၆၉၄၁၉၃

ပျောက်ဆုံးကြောင်း
ကျိုင်းတုံမြို့နေ မမီဖြန့်(ဘ)ဦးအာပီ ၁၃/ကတန(နိုင်)၁၉၀၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၇၃၂၆၂၀

ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ အင်းဖားကျေးရွာနေ မောင်မြင့်ဇော်ဦး(ဘ)ဦးသန်းရွှေ ၇/ပခန(နိုင်)၄၁၁၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 737848)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၈၃၉၆၁၆

ပျောက်ဆုံးကြောင်း
ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း(၄)ရပ်ကွက်နေ စုမွန်သွင်(ဘ)အုန်းသွင် ၇/ကကန(နိုင်)၀၅၀၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၅၁၂၇၁၂

မိဘအမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ အထက(၂)၊ Grade-3 မှ မအိသဥ္စာထွန်းနှင့် မအိနန္ဒာထွန်းတို့၏မိဘအမည်မှန်မှာ ဦးမင်းဇော်ထွန်း ၇/ညလပ(နိုင်)၀၉၃၆၆၄ နှင့် ဒေါ်ငွေငွေလွင် ၇/ညလပ(နိုင်)၀၈၇၆၇၄ ဖြစ်ပါကြောင်း။
ဦးမင်းဇော်ထွန်း-ဒေါ်ငွေငွေလွင်

ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ သိမ်ကုန်းအုပ်စု၊ စံပယ်ကုန်း(ရ)နေ အိဖြိုးဝေ(ဘ)ဦးမောင်မောင် ၉/ပဘန(နိုင်)၂၈၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၂၇၇၅၃၃၈

တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့၊ ရှောက်ကုန်း အထက(ခွဲ)၊ Grade-10 မှ မောင်ကောင်းပြည့်စေ၊ Grade-3 မှ မညွန့်စေရာပိုင်၊ Grade-2 မှ မသွန်းပြည့်မဟီတို့၏ဖခင် ဦးဇော်စိန်ဝင်း(ခ)ဦးကျော်ရှိန်းလတ် ၇/ကကန(နိုင်)၀၄၈၆၂၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဇော်စိန်ဝင်း(ခ)ဦးကျော်ရှိန်းလတ်

ပျောက်ဆုံးကြောင်း
ပန်းတနော်မြို့နယ်၊ တူးချောင်းအုပ်စု၊ ပြန်မလေ့ကျေးရွာနေ မောင်စလားထန်(ဘ)ဦးထွန်းဦး ၁၄/ပတန(နိုင်)၂၃၀၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 277301)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၄၀၀၁၂၄

ပျောက်ဆုံးကြောင်း
မျိုးသန္တာဦး(ဘ)ဦးတင်ဦး ၇/ပခန(နိုင်)၃၆၅၄၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁



ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူပါက နည်းပြတာဝန်ထမ်းဆောင်ရန် အစီအစဉ်မရှိကြောင်း စီရော်နယ်ဒိုအတည်ပြု



ရီယက် ဩဂုတ် ၂၈

အယ်နာဆာအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒိုက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပါက နည်းပြတာဝန်ထမ်းဆောင်ရန် အစီအစဉ်မရှိကြောင်း အတည်ပြုပြောကြားသည်။

အသက် ၃၉ နှစ်အရွယ် စီရော်နယ်ဒိုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် အယ်နာဆာအသင်းထံ ပြောင်းရွှေ့ကစားနေသူဖြစ်သည်။

စီရော်နယ်ဒိုသည် အသက်အရွယ်အပိုင်းအခြားအရ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် နီးစပ်လာပြီး ၎င်းအနေဖြင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူပါက နည်းပြအဖြစ် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်လာဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်နေသည့်အတွက် စီရော်နယ်ဒိုက အနာဂတ်နှင့်ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဆော်ဒီစူပါလိဂ်ဖလားဗိုလ်လုပွဲအဖြစ်ကစားသော အယ်ဟီလယ်အသင်းကို ရှုံးနိမ့်သည့်ပွဲစဉ်တွင် စီရော်နယ်ဒိုက အသင်းဖော်များ၏ စွမ်းဆောင်ရည်ကို ပြစ်တင်ဝေဖန်ပြီးနောက် အယ်နာဆာအသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း စီရော်နယ်ဒိုက အင်တာဗျူးအစီအစဉ်တစ်ခုတွင် အယ်နာဆာအသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိဘဲ ကစားသမားဘဝကို အယ်နာဆာအသင်းတွင်သာ ကုန်ဆုံးဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

စီရော်နယ်ဒိုက "ကျွန်တော် ကစားသမားဘဝကနေ အနားယူရင် ဘာလုပ်မယ်ဆိုတာ ကြိုတင်မပြောလိုပါဘူး။ ကျွန်တော် ကစားသမားဘဝကနေ အနားယူဖို့ မတွေးသေးပါဘူး။ ကျွန်တော်ကစားသမားဘဝကအနားယူပြီးရင် နည်းပြတာဝန်ထမ်းဆောင်ဖို့အစီအစဉ်မရှိပါဘူး။ ကျွန်တော် အယ်နာဆာအသင်းမှာကစားရတာ အဆင်ပြေပါတယ်။ အယ်နာဆာအသင်းမှာ နောက်ဆုံးကစားပြီး ကစားသမားဘဝကို အဆုံးသတ်နိုင်ပါတယ်"ဟု ပြောသည်။

စီရော်နယ်ဒိုသည် အယ်နာဆာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၇၃ ပွဲပါဝင်ကစားထားပြီး ၆၇ ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဆုဖလားတစ်ကြိမ်မှမရရှိသေးကြောင်း သိရသည်။

Ref;Now

နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်းက မန်စီးတီးအသင်း တောင်ပံခံစစ်ကစားသမား ဂျာအိုကန်ဆယ်လိုကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

■ ခရစ္စတယ်ပဲလေ့စ်အသင်းက အာဆင်နယ်အသင်း ကစားသမား အန်ကန်တီယာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းအပြင် အပိုဆုကြေး စတာလင်ပေါင် ငါးသန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

■ ချယ်လ်ဆီးအသင်းက ဂိုးသမား ကီပါကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးနောက် ဘုန်းမောက်စ်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ကြောင်း သိရသည်။

■ အယ်ဟီလယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ကိုင်စလေကိုးလ်မန်းကို ခေါ်ယူရန် နှစ်သင်းကြား သဘောတူညီမှုရရှိခဲ့သော်လည်း ကစားသမားနှင့် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

■ ဘာစီလိုနာအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမား အလွန်ဆိုကို ဆယ်တာဗီဂိုအသင်းက ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano

အပြောင်းအရွှေ့ကာလမပြီးဆုံးမီ ကွင်းလယ်ကစားသမားတစ်ဦးခေါ်ယူရန် ကြိုးပမ်းနေကြောင်း အက်သလက်တီကို အသင်းနည်းပြ ဆီမြွန်နီပြောကြား

မက်ဒရစ် ဩဂုတ် ၂၈

အက်သလက်တီကိုအသင်းနည်းပြ ဆီမြွန်နီက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလမပြီးဆုံးမီ ကွင်းလယ်ကစားသမားတစ်ဦးခေါ်ယူရန် ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။

အက်သလက်တီကိုအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားခေါ်ယူမှုအဖြစ် ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဂယ်လာဟာနှင့် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား အယ်ဗာရက်ဇ်တို့ကို ခေါ်ယူထားသော်လည်း ကွင်းလယ်ပိုင်းအတွက် နောက်ထပ်ကစားသမားသစ် ခေါ်ယူအင်အားဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိ အက်သလက်တီကိုအသင်းကွင်းလယ်ပိုင်းတွင် ကိုကီကို အသက်အရွယ်အပိုင်းအခြားကြောင့် ရေရှည်အသုံးပြုရန် ခက်ခဲလာပြီး အမာခံကစားသမားအဖြစ် ဒီပေါလ်နှင့် ဂယ်လာဟာတို့နှစ်ဦးသာရှိနေခြင်းကြောင့် အသင်းကွင်းလယ်ပိုင်းအတွက် နောက်ထပ်ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြ ဆီမြွန်နီက "ကျွန်တော်တို့အသင်းအတွက် လက်ရှိအပြောင်းအရွှေ့ကာလမှာ ကစားသမားခေါ်ယူမှု မပြီးဆုံးသေးပါဘူး။ အသင်းကွင်းလယ်ပိုင်းအတွက် ကစားသမားတစ်ဦး ဒါမှမဟုတ် နှစ်ဦးလောက်ခေါ်ယူဖို့ရှိပါတယ်။ ဘယ်ကစားသမားတွေကို ခေါ်ယူမယ်ဆိုတာကတော့ သေချာမပြောနိုင်သေးပါဘူး"ဟု ပြောသည်။

အက်သလက်တီကိုအသင်းသည် ဂယ်လာဟာနှင့် အယ်ဗာရက်ဇ်တို့အပြင် ဘာစီလိုနာအသင်းမှ လင်းဂလက်၊ ဗီလာရီးယဲလ်အသင်းမှ ဆိုလော့၊ ဆိုစီဒက်စ်အသင်းမှ နော်မန်းတို့ကို ခေါ်ယူထားကြောင်း သိရသည်။ ***Ref; Fabrizio Romano***

အယ်အာလီအသင်းက အိုဆီမန်ကို ယူရို ၆၅ သန်းဖြင့်ခေါ်ယူရန် နာပိုလီအသင်းနှင့်သဘောတူညီမှုရရှိပြီး အိုဆီမန်နှင့်ဆွေးနွေးနေ

ရီယက် ဩဂုတ် ၂၈

ဆော်ဒီကလပ် အယ်အာလီအသင်းက နာပိုလီအသင်းတိုက်စစ်ကစားသမား အိုဆီမန်ကို ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းဖြင့်ခေါ်ယူရန် နာပိုလီအသင်းနှင့် သဘောတူညီမှုရရှိထားသော်လည်း အိုဆီမန်နှင့် သဘောတူညီမှုရရှိရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

နာပိုလီအသင်းက လက်ရှိအပြောင်းအရွှေ့ကာလမတိုင်မီ အိုဆီမန်ကို ရောင်းချရန်ဆုံးဖြတ်ထားပြီး အိုဆီမန်ကို အယ်အာလီအသင်းအပြင် ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ချယ်လ်ဆီးအသင်းက တရားဝင်ကမ်းလှမ်းမှုလုပ်ဆောင်ခြင်းမရှိသေးဘဲ အယ်အာလီအသင်းကသာ တရားဝင်ကမ်းလှမ်းခဲ့ကာ လက်ရှိတွင် အိုဆီမန်နှင့် သဘောတူညီမှုမရရှိသေးသည့်အတွက် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိသည်။

အယ်အာလီအသင်းသည် ပြိုင်ဘက်အသင်းများဖြစ်သည့် အယ်နာဆာအသင်းနှင့် အယ်ဟီလယ်အသင်းတို့က ဥရောပမှ ထိပ်တန်းကစားသမားများကိုခေါ်ယူပြီး အသင်းပုံရိပ်မြှင့်တင်နေသည့်အတွက် အယ်အာလီအသင်းကလည်း ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူရန် ကြိုးပမ်းနေကာ ပြီးခဲ့သည့်နှစ်အပြောင်းအရွှေ့ကာလကလည်း ဂိုးသမား မန်ဒီ၊ ဖာမီနို၊ ကက်ဆီ၊ မာရက်ဇ်တို့ကိုခေါ်ယူခဲ့ပြီး ယခုအခါတွင်လည်း ဥရောပမှထိပ်တန်းကစားသမားများကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

Ref;Goal.com



ကွန်ပျူတာတက္ကသိုလ် (မအူပင်)၌ Project Show 2024 ပြပွဲအခမ်းအနားကျင်းပ

မအူပင် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်(မအူပင်)၌ Project show 2024 ပြပွဲအခမ်းအနားကို ဩဂုတ်လ ၂၇ ရက်က အဆိုပါတက္ကသိုလ်ရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာတက္ကသိုလ်(မအူပင်) Project Show 2024 ပြပွဲအခမ်းအနားကို မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီနီဦး၊ နည်းပညာတက္ကသိုလ် (မအူပင်) ပါမောက္ခချုပ် ဒေါက်တာကျော့ခင်နှင့် ကွန်ပျူတာတက္ကသိုလ်(မအူပင်) ပါမောက္ခချုပ် ဒေါက်တာသန္တာသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများက အဆို၊ အကများဖြင့် ဧည့်ခံသီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ် (မအူပင်) ပါမောက္ခချုပ် ဒေါက်တာသန္တာသိန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများပြသထားသည့် Project များကို မအူပင်တက္ကသိုလ် ပါမောက္ခ၊ ဌာနမှူးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ နည်းပညာတက္ကသိုလ်(မအူပင်) ပါမောက္ခ၊ ဌာနမှူးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မအူပင်) ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)၊ နည်းပညာတက္ကသိုလ်(မအူပင်)နှင့် မအူပင်တက္ကသိုလ် ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းအကြောင်း အသိပညာပေး

ဟိုပုံး ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ဒေသအဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ Online စနစ်ဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းအကြောင်း အသိပညာပေး(Talk Show)ကို ဩဂုတ်လ ၂၆ ရက်က လူထုအခြေပြုဇာတိဌာန၌ ရိုက်ကူးတင်ဆက်ခဲ့ကြောင်း သိရသည်။

ထိုသို့အသိပညာပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် ရုံး ဦးစီးအရာရှိဒေါ်နန်းခမ်းခြူးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းအကြောင်း အသိပညာပေး(Talk Show)ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးထွေးက ဌာနမှဖွင့်လှစ်ပေးလျက်ရှိသော ဝင်ငွေတိုးစီမံကိန်း သင်တန်းအမျိုးအစားများ၊ သင်တန်းတက်ရောက်ပြီး လုပ်ငန်းထူထောင်မည့်သူများအနေဖြင့် လိုက်နာရမည့်စည်းကမ်းများ၊ ဦးစီးဌာနမှလုပ်ငန်းထူထောင်မည့်သူများအား ပံ့ပိုးသည့် နည်းလမ်းများ စသည့်အကြောင်းအရာများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေး ရှင်းလင်းပြောကြားသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးအနေဖြင့် Online စနစ်ဖြင့် အများပြည်သူအသိပညာပေး(Talk Show) အစီအစဉ်များကို လစဉ် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အများပြည်သူ သိသင့်သိထိုက်သည့်အကြောင်းအရာများကို ရိုက်ကူးတင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

EM ဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်နည်း လက်တွေ့ပြုလုပ်ပြသ

ပင်းတယ ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား ဓာတ်မြေဩဇာများနှင့် သဘာဝမြေဩဇာများကို ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်စေရန်ရည်ရွယ်၍ EM ဘိုကာရှီပြုလုပ်သုံးစွဲနည်းနှင့် Super ဘိုကာရှီပြုလုပ်နည်းသရုပ်ပြခြင်းကို ဩဂုတ်လ ၂၇ ရက်က ပွေးလှကျေးရွာ၊ မြင်းမူကျေးရွာနှင့် ကျုံးကျေးရွာတို့သို့ ကွင်းဆင်း၍ လက်တွေ့ပြုလုပ်ပြသခြင်း ဆောင်ရွက်ကြောင်း သိရသည်။



ပင်းတယမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းရှိ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအား သဘာဝမြေဩဇာများ လက်တွေ့ပြုလုပ်သုံးစွဲနိုင်စေရန်၊ မိမိတို့ကိုယ်တိုင် သဘာဝမြေဩဇာပြုလုပ်သုံးစွဲသည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော ဒေသထွက်ကုန်များ ရရှိလာစေရန်၊ သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် သီးနှံမျိုးစုံနှင့် အပင်များ၏ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို သိရှိနိုင်စေရန်ရည်ရွယ်၍ နည်းပညာပေးလက်တွေ့ပြသဆောင်ရွက်ခြင်းဖြစ်သည်။

ပင်းတယမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သဘာဝမြေဩဇာများ လက်တွေ့ပြုလုပ်နည်းပညာပေး ပြသဆောင်ရွက်ခြင်းကို မြို့နယ်အတွင်းရှိ တခြားကျေးရွာများသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရဲထက်ဦး(ပင်းတယ)


ပဲခူးခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ပဲခူး ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့နယ်၌ အရှည်ပေ ၁၂၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း သုံးခု၊ အရှည်ပေ ၈၃၄၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းခြောက်ခု၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ကိုးခု စုစုပေါင်းလုပ်ငန်း ၁၈ ခုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုငွေ ငွေကျပ် ၁၃၅ သန်း၊ ကဝမြို့နယ်၌ အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတစ်ခု၊ အရှည်ပေ ၁၈၀၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်းဘီးနင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှစ်ခု၊ အရှည်ပေ ၁၄၉၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းလေးခု စုစုပေါင်းလုပ်ငန်းခုနစ်ခုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုငွေ ငွေကျပ် ၁၀၅ သန်း၊ ဝေါမြို့နယ်၌ အရှည်ပေ ၄၂၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတစ်ခု၊ အရှည် ၇၆၁ ပေ၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်းဘီးနင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း တစ်ခု၊ အရှည် ပေ ၈၃၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ငါးခု၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းခုနစ်ခု စုစုပေါင်းလုပ်ငန်း ၁၄ ခုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုငွေ ငွေကျပ် ၁၀၅ သန်း၊ ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့အတွင်းရှိ ကျေးရွာ ၂၆ ရွာမှ အိမ်ခြေ ၅၆၉၅ အိမ် လူဦးရေ ၂၅၇၃၁ ဦးအတွက် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။ **ကိုနိုင်(ကျေးလက်)**


တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၆ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ်အတွင်း၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၀)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၆၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၇ ရက်**တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် (၈၇၆၀)ကီလိုဂရမ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၇ ရက်**တွင်ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၈၅)တန်၊ သစ်မာ (၁ ဒသမ ၅၈၆) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၈၃၀၆၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၇ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မင်းတုန်းမြို့နယ်၌ တရားမဝင်အခြားသစ် (၁ ဒသမ ၅၂၁)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၅၆၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၀၅၆၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၈ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီ (၁၀၀၀)ဘူးအပါအဝင် စားသောက်ကုန်ပစ္စည်း (၂)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ်၊ နွားခြံကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Deestone ဆိုင်ကယ်တာယာ (၅၀၀)လုံး အပါအဝင် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၃၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၆၀၁၇၉၀၇)**ဖြစ်ကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ**မှသိရသည်။ **(သတင်းစဉ်)**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Haymar Hnin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၇) ရပ်ကွက်နေ ဟေမာနှင်းအား နေ့လယ် ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “@aungkooo5775” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်သာယာမြို့နယ်နေ အောင်ကိုဦးအား ည ၉ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်



ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်မြို - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201

➢ ဗဒ္ဓမန်းသူ
09-254781060









➢ မန္တလေးအခြေစိုက်
09-426500153

➢ စတော်ဝင်
09-423333250

➢ ပါရမီတက္ကစီ
01-3643641

➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ ဈာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း



အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုကို ဖြင့်

ရန်ကုန်၊ကျောက်တံခါး၊ပဲန္နယ်ကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၁-၀၁-၅၃၅၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

DENTIST RECOMMENDED FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

Fluoride
ပါဝင်သောကြောင့်
သွားများကို ဖြူဖွေး
တောက်ပစေပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအဖျဉ်းမို့ အရသာထူး ဒိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) ထွင်
BEST Practices Award ရရှိခဲ့သည့် ရွှေပိဿိ၊



Tea Mix



Lemon Tea



Black Tea



ရွှေဖီး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၆

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရန် တာဝန်ရှိသည် ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေး စနစ်နှင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူ လူထုအသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေး တို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားမိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် Mitsubishi Electric Cup 2024 ပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာ့လက်ရွေးစင်အသင်းဝင်ရောက်ယှဉ်ပြိုင်မည့် Mitsubishi Electric Cup 2024 ပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များကို အာဆီယံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Mitsubishi Electric Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များကို လာမည့်ဒီဇင်ဘာလ ၈ ရက်မှစတင်ပြီး ဒီဇင်ဘာလ ၂၁ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားအသင်း၊ ဖိလစ်ပိုင်အသင်း၊ လာအိုအသင်းနှင့် ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

စာမျက်နှာ ၂၅ ကော်လံ ၄ ⏭



ပြည်သူများထံ အသိပေးပန်ကြားချက်

ပြည်တွင်းတွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ၁-၉-၂၀၂၄ ရက်မှစ၍ စာအုပ်ဖိုးငွေ ၃၅၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်သို့ ပြောင်းလဲသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

AYA Pay Futsal Championship 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

စာ-၂၅ သို့

လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့၌ ဩဂုတ်လ ၂၉ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ-၃၀ သို့



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

